

ရင်နှင့်အမျှမြတ်နိုးရသည့်မို့

# ရင်နှင့်အမျှမြတ်နိုးရသည်မို့

## (၁)

"ကလင်...ကလင်...ကလင်..."

"ဟော.. စာလာတယ်...မေမေ၊ ဘယ်သူ့ဆီကလဲ မသိဘူး"

အိမ့်သီရိသည် လက်ထဲက ချုပ်လက်စအင်္ကျီလေးကို ချထားခဲ့ပြီး ခြံရှေ့တွင် ရောက်နေ သော စာပို့လုလင်ဆီသို့ အိမ်ပေါ်မှ အပြေးကလေး ဆင်းသွားလိုက်သည်။

"ဟယ်... ကိုကိုရဲ့ဆီကစာ၊ ပျော်လိုက်တာ"

စာအိတ်ပေါ်က လက်ရေး လုလုကလေးများ ကို ဖတ်ကြည့်လိုက်သည့်အခါတွင် အိမ်သီရိ ကလေးသည် ပျော်ရွှင်မြူး ထူးသွား၏ ။

"ကိုကိုရဲ့ဆီကစာ မေမေ"

စာအိတ်ကို ဖောက်ရင်း စက်ချုပ်နေသော မိခင်၏ အနီးတွင် အိမ့်သီရိက ထိုင်လိုက်သည်။

"ဖတ်စမ်းပါဦး သမီးရဲ့ ၊ ဘာတွေ များ ရေး လိုက်သလဲလို့၊ ဒီကောင်လေး ရန်ကုန်ကို ဆင်း မလာတာလဲ ကြာလှနေပြီ"

ဒေါ်မေဦးသည် စက်နင်းနေသည်ကိုရပ်ကာ သမီး ဖြစ်သူကို ပြောလိုက်သည်။

"သမီးဖတ်ပြမယ် မေမေ"

သို့

ဦးလွင်နှင့် ဒေါ်လေးမေ

ကျွန်တော် ဂါဝရတရားရှေ့ထား၍ ဤစာရေး လိုက်ပါတယ်၊ ဦးလွင်

+ဒေါ်လေးမေနဲ့ ညီ လေးမော်၊ ညီမလေးအိမ့်တို့ ကျန်းမာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒီမှာ တော့ ဖေဖေက ကျန်း မာပါတယ်၊ ကျွန်တော် သာ ဒြံထဲမှာ ခြေချော်ပြီး ခြေထောက်က ဒဏ်ရာဟောင်းက ပြန်ကိုက်လာလို့ ရှေ့အပတ်ထဲ ရန်ကုန်ကို ဆင်းခဲ့မယ်ဆိုတာ အကြောင်းကြားတာပါ၊ ညီလေးနဲ့ ညီမလေးအိမ့်တို့ အတွက် အင်းလေးလွယ်အိတ်နဲ့ သူတို့ကြို က်တတ်တာတွေ လက်ဆောင်ဝယ်ခဲ့ပါ့မယ်။

ဦးလွင်တို့မိသားစု ကျန်းမာချမ်းသာကြပါစေ..

ကိုရဲ…

“အဟေး..ဟေး ပျော်စရာကြီး၊ ကိုကိုရဲကို မညှဉ်းဆဲရတာ ကြာပြီ၊ လာမှ ကောင်းကောင်း ညှဉ်းပေးလိုက် ဦးမယ်၊ ကျောင်းပိတ်ထားတာနဲ့ အတော် ပဲ”

“သမီး…အိမ့်ကလဲဆိုတာ ခမျာမှာ နာမကျန်း ဖြစ်လို့ ဆရာဝန်လာပြတဲ့ဥစ္စာကို၊ ဒါပဲနော်… ခုကတည်းက ပြောထားမယ်၊ သူများ စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်ရဘူးနော်…ကြားလား သမီး”

“အိမ့် နားလည်ပါတယ် မေမေရယ်၊ ကိုကိုရဲကို စိတ်အနှောင့်ယှက် မပေးပါဘူး”

“အင်း..ကိုရဲခမျာလဲ ဒီဒဏ်ရာက သေရာပါကြီး ဖြစ်တော့မယ်နဲ့ တူတယ်၊ အစ်ကိုအောင်လဲ ရှားရှားပါးပါး ဒီသားလေး တစ်ယောက် ရှိတာ၊ တော် တော် တော့ စိတ်ဆင်းရဲရှာမယ်၊ ခုတလော သူ့စီးပွားရေး ကလဲ ခပ်ကျကျနဲ့ ခက်ပါတယ်လေ၊ မေမေတို့မှာ လဲ ကိုယ့်ဒုက္ခနဲ့ကိုယ် တောင်မင်း မြောက်မင်းမကယ်နိုင် ဆိုသလို ဖြစ်နေကြပြီ”

အိမ့်သီရိသည် စက်ခုံပေါ်မှာ ထိုင်နေသော မိခင်၏ မျက်နှာကိုကြည့်ပြီး ရွှင်ကြည်နေသော မျက်နှာကလေး ညှိုး ကျသွားသည်။

သူသည် ပင့်သက်ကိုရှိုက်ရင်း ကြမ်းပေါ်တွင် ပုံကျနေသော အပ်တန်းလန်းနှင့် အင်္ကျီလေး ကို ကောက်ယူလိုက်ပြီး လက်စမသတ်သေးသော ချုပ်ကြောင်းကို လက်ချု ပ်ပြန်လိုက်လိုက်သည်။

"ဟုတ်ပါရဲ့ ငါတို့တစ်တွေ ဘယ်တော့များ မှ ချမ်းသာကြပါ့မလဲ၊ အောင်စာရင်းတွေ ထွက်လို့ ငါရော ကိုကိုမော်ရော အောင်ကြရင် ကောလိပ်ကျောင်းတက်ဖို့ဆိုတာ စိတ်ကူးတောင် မထည့်ဝံ့ဘူး၊ လူ ဖြစ်ရကျိုး မနပ်လိုက်တာလွန်ရော၊ ဝင်းမာတို့ဘဝနဲ့များ ကွာလိုက်တာ"

အိမ့်သီရိသည် မွေးလာကတည်းက ရွှေပေါ်မြတင်နေလာခဲ့ရသော သူငယ်ချင်း ဖြစ်သူ ဝင်းမာဘဝနှင့် သူ့ဘဝကိုယှဉ်မိပြီး ရင်ထဲမှာ အခံရခက်နေ၏ ။

"သမီး အိမ့်"

"ဟင်…"

အတွေးနယ်ကျွံသွားရာမှ ကိုယ်ကလေး ဆတ်ခနဲတွန့်ပြီး မိခင် ဖြစ်သူ၏ မျက်နှာကို အိမ့် သီရိက ကြည့်လိုက်သည်။

"ကိုရဲက ဒီနှစ် ဖိုင်နယ်ဖြေထားတာ မဟုတ်လား သမီး"

"ဟုတ်တယ် မေမေ"

"အင်း တော် သေးတာပေ့ါလေ၊ ဘွဲ့ကလေးတစ်ခု ရထားမယ်ဆိုတော့"

"သမီးကလေ ကိုကိုရဲကို ရန်ကုန်မှာ လာအလုပ်လုပ်စေ့ချင်တယ်၊ ဒီမှာ ကုမ္ပဏီတွေ အများ ကြီး ဖွင့်နေပြီဆိုတော့ အလုပ်မရှားဘူး မဟုတ်လား မေမေ"

"အစ်ကိုအောင်က လွှတ်ရင်တော့ ကောင်းတာပေ့ါ"

"ဒီမှာ မေမေတို့ရှိနေတာပဲ၊ ကိုကိုရဲကို စိတ်မချစရာ မရှိပါဘူး မေမေရဲ့ "

"ဒါက သမီးဘက်က အတွေးကိုး၊ အစ်ကိုအောင်သာ ပို့ထားမယ်ဆိုရင် မေမေကော ဖေဖေ ပါ ကျေကျေနပ်နပ် လက်ခံပါတယ် သမီး၊ ဖေဖေနဲ့မေမေ့မှာ အစ်ကိုအောင့်ကျေးဇူးတွေ အများ ကြီး ရှိတယ် သမီးရဲ့ "

"သမီး ကတော့ ကိုကိုရဲကို ဒီမှာ လာအလုပ်လုပ်ဖို့ ဆွယ်မှာ ပဲ"

ဒေါ်မေဦးသည် သမီး ဖြစ်သူကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ပြီး စက်ခုံဘက်သို့ မျက်နှာ ပြန်လှည့်သွားသည်။

သားအမိနှစ် ယောက် ကိုယ်စီပြန်၍ ကိုယ့်အလုပ် ကိုယ်လုပ်နေကြစဉ် ဆန်သည် ဒေါ်အေး ကြည်သည် ထီးတစ်ချောင်း ချိုင်းကြားညှပ်ကာ သူတို့အိမ်ပေါ်သို့ တက်လာ၏ ။

"ဟော... မမကြည် လာ..လာ အင်္ကျီလာယူတာလား ကျွန်မ ညနေမှ သားနဲ့အပို့ခိုင်းမလို့ မမကြည်ရဲ့ "

ဒေါ်မေဦးသည် စက်ခုံပေါ်မှ ကမန်းကတန်းထကာ ဒေါ်အေးကြည်အတွက် ဖျာတစ်ချပ်ကို ခင်းပေးလိုက် ရင်း ပြောလိုက်သည်။

"အင်္ကျီက အကြောင်းမဟုတ်ပါဘူးအေ၊ ငါ ညည်းကို ပြောစရာရှိလို့ လာခဲ့တာ မမေဦး"

"ဟုတ်ကဲ့.."

မျက်နှာကလေး မသိမသာပျက်သွားသော မိခင် ဖြစ်သူကို ကြည့်ပြီး အိမ့်သီရိ၏ ရင်ထဲတွင် မွန်းကျပ်သွားသည်သို့ ခံစားလိုက်ရသည်။

"ဒီလိုအေ... လဆန်းရင် ကုန်သည်က ငွေလာသိမ်းမယ်ဆိုလို့ ညည်းကို ငါက ကြို ပြီးလာ ပြောတာ၊ ဒီလတော့ ငါ့အကြွေးကို မချန်ပါနဲ့အေ၊ ငါ့မှာ လဲ ညည်းသိတဲ့အတိုင်း အိမ်ကလူကြီးကို ဆေးကုလိုက်ရလို့ ချောင်လည်သင့်သလောက် မချောင်လည်တော့ဘူး၊ ခုတလေ ကြွေးကလဲ သိပ် ကျနေတာဆိုတော့ ဟိုကရောက်လာရင် ငါမပေးနိုင်၊ မပြနိုင်မှာ စိုးတယ်၊ ညည်းကို ငါအားနာပါ တယ်၊ သနားလဲ သနားတယ်၊ ဒါပေမယ့် ဟိုဘက်မှာ မျက်နှာပျက်လို့ မရဘူးမဟုတ်လား၊ ဒါ ကြောင့် အကြွေးသမားတွေ ကို ငါ့မှာ ဒီနေ့ရှာလည်ပြီး လကုန်ပေးကြဖို့ လိုက်ဆော်သြနေရတယ်၊ ဟင်း... လုပ်ကိုင်စားရတာ လဲ မလွယ်ပါဘူးအေ"

"ဟုတ်...ဟုတ်ကဲ့ ကျွန်မ ကြိုး စားပြီး ပေးပါ့မယ် မမကြည်"

"ခါတိုင်းလလို ချုန်လို့တော့ မရဘူးနော် မမေဦး"

"ဟုတ်ကဲ့ပါရှင်"

မေမေ၏ အသံမှာ အားနည်းဖျော့တော့လွန်းလှပါသည်။

သူ့မေမေကို အိမ့်သီရိ သိပ်သနားသွားမိသည်။

သနားပေမယ့်လည်း အမေ့ကို ချုပ်ထည်ကလေးများ ကူညီချုပ်ပေးသည်ကလွဲ၍ သူဘာမှ မတတ်စွမ်းနိုင်သည်မို့ ခေါင်းကိုသာ တွင် တွင် ကြီးငုံ့ချထားကာ မျက်ရည်ဝဲနေသော မျက်ဝန်းများ ဖြင့် အင်္ကျီကို ဆက်ချုပ်နေသည်။

"ညည်းကိုကြည့်ရတာ လဲ ပင်ပန်းလှပါတယ်၊ အိမ်မှု ကိစ္စကတစ်ဖက်၊ စက်ချုပ်ရတာ က တစ် ဖက်နဲ့ ညည်းသမီးကလေးလဲ ခုဆယ်တန်းတောင်ဖြေပြီးပြီဆိုတော့ သူ့အဖေအလုပ်ထဲ ထည့်လိုက် ပါလား၊ သူ့ဝင်ငွေကလေးနဲ့ပါပေါင်းလိုက်ရင် ညည်းတို့စားဝတ်နေရေး ကလေး အတော် အတန်တော့ ပြေလည်သွားမှာ ပဲ၊ တက္ကသိုလ်တွေ ဘာတွေ စိတ်ကူးမနေပါနဲ့အေ၊ ကိုယ့်ဘက်ကိုမှ အခြေအနေက မျက်နှာသာမပေးတာ၊ ကလေးနှစ် ယောက် ကိုသာ အလုပ်ထဲထည့်လိုက်၊ စိတ်ကူးမလွဲနဲ့ မမေဦး၊ ဟိုဈေးပိုင်းက မခင်လှတောင် သူ့သမီးကို ရန်ကုန်က ကုမ္ပဏီတစ်ခုမှာ အလုပ်သွင်းလိုက်ပြီတဲ့အေ့၊ ကဲ... ငါသွားမယ်၊ ငါ့အင်္ကျီတစ်ပါတည်းပေးမယ်ဆို ပေးလိုက် တော့"

ဒေါ်မေဦးက အသင့်ကိုင်ထားသော သူ့လက်ထဲမှ အင်္ကျီကို ဒေါ်အေးကြည်အား ပေးလိုက် သည်။

ဒေါ်အေးကြည် အင်္ကျီကိုယူပြီး ထထွက်သွားသည်။

ဒေါ်မေဦးသည် သူ့အိမ်ပေါ်က သုတ်သုတ်ဆင်းသွားသော ဒေါ်အေးကြည်ကို ညှိုး ငယ် သော မျက်နှာဖြင့် အငေးသားကြည့်၍ ကျန်ရစ်ရှာ၏ ။

"မေမေ...ဒေါ်အေးကြည်ကြီးက သိပ်တင်စီးတာပဲနော်၊ ချုပ်ခလဲ ပေးမသွားဘူး၊ မှန်းစရာ ကောင်းလိုက်တာ"

"သူ့ကိုမေမေပေးစရာရှိတဲ့ ငွေထဲက နှိမ်မလို့နဲ့တူပါတယ် သမီးလေးရယ်"

မျက်နှာကလေး စူမှု နံနေသော သမီး ဖြစ်သူ၏ မျက်နှာကို ဒေါ်မေဦးကကြည့်၍ လေသံပျော့ ကလေးဖြင့် ပြောလိုက်သည်။

"ချုပ်ခက ချုပ်ခပဲ မေမေရာ၊ မဆိုင်ပါဘူး၊ ဒီမိန်းမကြီးကိုက တင်စီးတတ်တယ်လို့ လူတိုင်း က ပြောနေတဲ့ဥစ္စာ"

ဒေါ်မေဦးသည် စောဒကတက်နေသော သမီးကလေးကို စိတ်မသက်မသာရှိလှဟန်ဖြင့် တစ်ချက်ကြည့်ပြီး စက်ကို ပြန်နင်းလိုက်သည်။

"ဟင်း...ဘာ ဖြစ်လို့များ ငါတို့ဘဝတွေ က နံချာနေတာပါလိမ့်၊ လကုန်ရင် သူ့အကြွေးကို အကုန်ရှင်းရမယ်တဲ့၊ ဒါဆိုရင် ကုန်စုံဆိုင်ကို ငါဘယ်လိုရှင်းရမလဲ၊ မီတာခတွေ ၊ ရေဖိုးတွေ အို.. ငါ ရင်မောလိုက်တာ၊ ငါ့မှာ ခါးချိုအောင် စက်ချုပ်နေလဲ မလုံလောက်ပါလား၊ သမီးလေးခမျာလည်း သူ့ ရှေ့မှာ အကြွေးလာတောင်းတော့ အားလဲငယ်၊ ရှက်လဲရှက်ရှာမှာ ပေါ့၊ ဘာပဲ ဖြစ် ဖြစ် ငါ့သားသမီး တွေ ကို စိတ်ဓာတ်မကျစေချင်ဘူး၊ ဘဝတက်လမ်းတွေ တုံ့ဆိုင်းမသွားစေချင်ဘူး၊ သူတို့ဘဝလေး တွေ အညွန့်တလူလူနဲ့ တက်နေတာပဲ ငါမြင်ချင်တယ်၊ အို ငါဘာလုပ်ရရင် ကောင်းမလဲ"

မိခင်စိတ်ကြီးနေသော ဒေါ်မေဦးခမျာ အဖြေရှာသော်လည်း ရှာမရရှာဘဲ ရင်မှာ မွန်းကျပ်၍ နေမိစဉ်တွင် ထင်းစည်းကြီးကို ပခုံးထက်တွင် မနိုင်မနင်းထမ်း၍ ဝင်လာသော သား ဖြစ်သူ သူ့မြင် ကွင်းထဲသို့ ဝင်လာသည်။

ရင်ထဲတွင် ဟိုက်ခနဲ ဖြစ်သွားသည်။ သူသည် ခုံမှဝုန်းခနဲထကာ အိမ်အောက်ဆီသို့ ပြေးဆင်းသွား၏ ။

"သားရယ်..မနိုင်မနင်းကြီး ထမ်းလာတယ်၊ သား ပခုံးနာသွားမှာ ပေါ့၊ ပေးပေး မေမေ ဆက်သယ်သွားမယ်"

"ဟာ..မဟုတ်တာ မေမေရာ၊ သား ပခုံးနာတာ အကြောင်းမဟုတ်ဘူး၊

မေမေ့ရှက်မှ ဇက်နာ မုကဒုက္ခ... သားယောက်ျားလေးပါ၊ ဒီလောက်တော့ လုပ်နိုင်ရမှာ ပေါ့”

မော်လွင်သည် မိခင်ကြီးကို ကွေ့ရှောင်ပြီး အိမ်နောက်ဖေးကပြင်ဆီသို့ ဆက်လျှောက်သွား သည်။

ဒေါ်မေဦးသည် သား၏ နောက်မှ အပြေးကလေး ကပ်လိုက်သွားပြီး ကပြင်အထက်မှနေကာ သား၏ ပခုံးထက် ထင်းစည်းကြီးကို ကူချပေးဖို့ လက်ကမ်းလိုက်သည်။

“နေနေ မေမေ..လေးတယ် မေမေ ခါးနာသွားလိမ့်မယ်၊ သားဘာသာသား ကပြင်ပေါ်ကို ချနိုင်ပါတယ်”

မိခင်ကြီးကို အကူမခံဘဲ မော်လွင်သည် ထင်းစည်းကို ကပြင်ပေါ်သို့ ချလိုက်သည်။

“ကြည့်စမ်းပါဦး..ပခုံးကို နီရဲနေပါရော့လား သားလေးရယ်၊ လာ..လာ ရေပတ်သုတ်ပြီး ဒဏ် ကြေဆေးကလေး လူးလိုက်ရအောင်”

“ဘာမှမ ဖြစ်ပါဘူး မေမေရာ၊ ခဏနေရင် ကောင်းသွားမှာ ပါ၊ ဒီမှာ ကြည့် သားဗလနဲ့ဆိုရင် ဒီထက်နှစ် ဆလေးတဲ့ ထင်းစည်းကိုတောင် သယ်နိုင်သေးတယ်ဗျ၊ အဟင်း... ဟင်း”

မော်လွင်က သူ့လက်မောင်းက ကြွက်သားကို မိခင် ဖြစ်သူအား ညွှစ်ပြလိုက်သည်။ တက် သစ်စ ဆယ့်ခုနစ် ဆယ့်ရှစ် ပျို့မျစ်နုနယ်ခြင်း အတိရှိသည့်တိုင် မိခင်၏ ရင်မှ စိုးရိမ်စိတ် ကတော့ လျော့မသွားခဲ့ပေ။

“ဟဲ့...ဟဲ့ ဖိုးမော် ဒါဘယ်လဲ တယ်ခက်တဲ့ ကလေးပါလား”

“ဖိုးဆန်းနဲ့ခြင်းခတ်ဖို့ ချိန်းထားလို့ မေမေရဲ့ ”

မော်လွင်သည် သူ့ပခုံးကို ခါးတွင် ဝတ်ထားသော ပုဆိုးစဖြင့် ပုတ်ခတ်သန့်စင်ပြီး နေရာမှ လျင်မြန်စွာ ထွက်ခွာသွားသည်။

ဒေါ်မေဦးမှာ တော့ ထင်းစည်းဒဏ်ပိသွားသော သား ဖြစ်သူ၏ ပခုံးအတွက် ရင်နင့်စိုးရိမ်စွာ ဖြင့် ကျန်ရစ်ခဲ့ပါ၏ ။

♥♥♥

(၂)

အိမ့်သီရိသည် လက်ချုပ်လိုက်ရမည့် အပ်ထည်များ ပြီးသည်နှင့် လက်ချုပ်ခုံကလေးနှင့် အ ထည်များ ကို သေသပ်စွာ သိမ်းဆည်းပြီး၊ မကြာခင်ရက်အတွင်း ရောက်လာမည် ဖြစ်သော ဧည့် သည် ကိုကိုအတွက် အိပ်ခန်းအသင့်ပြင်ထားဖို့ ထွက်ခဲ့သည်။

“ကြည့်ပါလား၊ မနေ့ကပဲ ရှင်းပေးထားတာ၊ ဒီကိုကို တစ်ယောက် က စည်းကမ်းကိုမရှိဘူး၊ သိပ်မှန်းဖို့ကောင်းတာပဲ”

ပါးစပ်ကလည်းပြော လက်ကလည်း သွက်လက်လျင်မြန်စွာ ဖြင့် အိပ်ခန်းကို သူက စတင်၍ ရှင်းပါတော့သည်။

တစ်ယောက် အိပ်ခုတင်အပိုတစ်လုံးက မော်လွင့်အိပ်ခန်းတွင် အသင့်ရှိနေသည်မို့ ဧည့် သည်ကိုကိုအတွက် အိပ်ရာတစ်ခုပြင်ဆင်ရသည်မှာ သိပ်တော့ မခဲယဉ်းလှပါ။

သူ့အစ်ကိုဖွထားသော အဝတ်အထည်များ ၊ အားကစားပစ္စည်းများ ၊ စာအုပ်များကို ရှင်းလင်း ရသည်ကသာ အလုပ်ကြီးတစ်ခု ဖြစ်နေပါသည်။

“ဩော်..သမီးလေးက ဒီအိပ်ခန်းထဲရောက်နေတာကိုး၊ မေမေက ဘယ်များ ရောက်သွား သလဲလို့”

“ကိုကိုရဲအတွက် အိပ်ခန်းရှင်းနေတာလေ.. မေမေရဲ့ ၊ ဒီမှာ ကြည့်စမ်းပါဦး၊ မေမေ့သားကြီး ရှုပ်ပွထားတာ မြင်လို့မှ ကောင်းရဲ့ လားလို့၊ မနေ့ကပဲ

သမီးရှင်းထားပေးပြီးသားကို ပြန်ဖွထားတယ်”

အရှုပ်အပွပုံကို မေးငေါ့ကာ မကျေမနပ်ပြောလိုက်သော သမီးဖြစ်သူကိုကြည့်ပြီး ဒေါ်မေဦး ရယ်နေပါသည်။

“မေမေ ကတော့ ဒါပဲ၊ သူ့သားဆိုရင် ဘာမှအဆိုးမမြင်ဘူး”

“ယောက်ျားလေးပဲ သမီးရယ်၊ မိန်းကလေးလိုတော့ ဘယ်ဗိုင်းကောင်းကျောက်ဖိနေပ့ါမလဲ၊ ကဲ..ကဲ နှုတ်ခမ်းကြီး တစ်ထောင်လောက်စူမနေပါနဲ့၊ ကြည့်မလှဘူး၊ မေမေလဲ ဝင်ကူရှင်းပေးပ့ါမယ် အဟင်း..ဟင်း”

“ရတယ် မလုပ်နဲ့၊ မီး တစ်ယောက် တည်းပဲ ရှင်းမယ်၊ ဒါတွေ ထင်းရှူးသေတ္တာထဲ ထည့်ထား လိုက်ရင် ရမလား”

“မျက်စိထဲ နောက်မယ်ထင်တာ အကုန်သာ သိမ်းကျုံး ပြီး အဲဒီ ထင်းရှူးသေတ္တာပုံးကြီးထဲ သာ ထည့်ထားလိုက်၊ သူလိုချင်တော့ ရှာယူလိမ့်မယ်”

“သေချာပါတယ်၊ တစ်ခုလိုချင်ရင် အကုန်ကို ပြန်ဖွမှာ ဟင်း...”

အိမ့်သီရိ တစ်ယောက် အိပ်ခန်းတစ်ခုလုံးကို ရှင်းလင်းပြီးချိန်တွင် အစ်ကို ဖြစ်သူ မော်လွင် သည် ကမူးရှူး ထိုး အိပ်ခန်းထဲသို့ ဝင်ရောက်လာသည်။

သူ့တစ်ကိုယ်လုံးလည်း ချွေးသံတွေ ကရွှဲရွှဲစိုလို့။

“အား...ညီမလေးက အိပ်ခန်းရှင်းနေတာကိုး”

ညီမ ဖြစ်သူကို သူ့အိပ်ခန်းတွင် တွေ့လိုက်ရသဖြင့် မော်လွင် ကိုယ်ရှိန်သတ်သွားသည်။

“ကိုကိုနော်.. ပြောထားပါရဲ့ ၊ နောက်ထပ် အိပ်ခန်းကိုဖွရင်တော့ အိမ့်နဲ့အသိပဲ”

“အား..ကိုကိုနဲ့ညီမလေးက မောင်နှမ အရင်းအချာကြီးတွေ ပဲဥစ္စာ၊ သိဖို့လိုသေးလို့လား၊ အဟင်း ဟင်း”

ရယ်ကျဲကျဲမျက်နှာဖြင့် နှုတ်ခမ်းစူစူမှူမှူလုပ်နေသော ညီမ ဖြစ်သူကို ကြည့်ကာ မော်လွင်က ပြောလိုက်သည်။

"ကိုကိုနော် နောက်မနေနဲ့၊ အိမ့်က ကိုကိုရဲ့ကြီး လာမယ်ဆိုလို့ အိပ်ခန်းကို အပင်ပန်းခံပြီး ရှင်းထားတာ သိလား"

"ဘာ..ဘာ..ကိုကိုရဲ ဒီကိုလာမယ် ဟုတ်လား၊ ညီမလေးကို ဘယ်သူပြောလဲ..ဟင်"

"ခုနကပဲ ကိုကိုရဲဆီက စာရောက်လာတယ်၊ ဒီအပတ်ထဲ ရောက်လိမ့်မယ်လို့ ပြောတာပဲ"

"ပျော်စရာကြီး၊ ရန်ကုန်မြို့ ထဲ လျှောက်မလည်ရတာ ကြာပြီ၊ ကိုကိုရဲလာရင်တော့ အဟင်း .. ဟင်း"

"သိပ်ပီတိ ဖြစ်မနေနဲ့၊ ကိုကိုရဲက အပျော်လာတာမဟုတ်ဘူး၊ သူ့ခြေထောက်က ဒဏ်ရာ ဟောင်း ပြန်ထလို့ ဆေးကုဖို့ရောက်လာမှာ ကိုကိုရဲ့ ၊ သိရဲ့ လား"

မော်လွင်၏ အူမြူး နေဟန်ရှိနေသော မျက်နှာကလေး ပြန်တည်ကြည်သွားသည်။

"စိတ်မကောင်းစရာပဲကွာ၊ ကိုကိုရဲလဲ ဒီခြေထောက်နဲ့တော့ အတော့်ကို ဒုက္ခရောက်ရရှာ တာပဲ၊ သနားပါတယ်နော် ညီမလေး"

"ဟုတ်တယ် အိမ့်တောင် မေမေ့ကိုပြောနေသေးတယ်၊ နိုင်ငံတော် က စျေးကွက်စီးပွားရေး စနစ် ဖွင့်လိုက်လို့ ကုမ္ပဏီတွေ မှိုလိုပေါက်နေတာ၊ ဒီမှာ ပဲ ကိုကိုရဲအလုပ်လုပ်ရင် ကောင်းမယ်လို့... ဒါမှ ကိုကိုရဲ အိမ့်တို့နဲ့ အတူနေနိုင်မှာ "

"ဟုတ်တာပေါ့ ညီမလေးရဲ့ ၊ ဒါဆို သူလာရင် ကိုကိုရော ညီမလေးပါ သူ့ကိုဝိုင်းတိုက်တွန်း ကြရအောင်ကွာ ဘယ်နှယ့်လဲဟင်"

အိမ့်သီရိက သူ့ဦးခေါင်းကလေးကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ကိုကို့ရဲ့ ပုဆိုးအဟောင်းကော ညီမလေး"

"အဝတ်ဟောင်းခြင်းထဲမှာ ၊ ကိုကိုပုဆိုးက ချဉ်စော်နံနေပြီ၊ အသစ်လဲလိုက်တော့၊ ဒါပဲနော်.. အဝတ်တွေ ကို စည်းကမ်းမရှိ လျှောက်မပစ်နဲ့၊ အကောင်းတွေ ကို ကြိုး တန်းမှာ ချိတ်နဲ့ချိတ်၊ အဟောင်းတွေ ကို အဝတ်ဟောင်းခြင်းထဲကိုထည့်၊ စာအုပ်တွေ ကိုလဲ ယူဖတ်ပြီးရင် စာအုပ်စင်ပေါ် ကို သူ့နေရာအတိုင်း ပြန်ထား၊ ကိုကိုရဲက သပ်ရပ်မှု ၊ သန့်ရှင်းမှု မရှိရင် သိပ်ကြို က်တာမဟုတ်ဘူး"

"အေးပါကွာ... ကိုကိုလဲသိပါတယ်၊ တစ်လက်စတည်း ညီမလေး ကိုကိုဖို့ အဝတ်တစ်စုံ လောက် ထုတ်ထားပေးနော်...ကိုကို ရေသွားချိုး လိုက်ဦးမယ်"

"ကိုကိုက ရေချိုး ပြီးရင် ဘယ်သွားဦးမလို့လဲ"

"သိန်းဆွေတို့နဲ့ ခဏလိုက်သွားမလို့"

"ကိုကိုနော် သိန်းဆွေတို့နဲ့ ကျပ်ကျပ်ပေါင်း၊ ဒီလူတွေ က ကောင်းတာမဟုတ်ဘူး၊ လူကြည့် တော့ ဘာမှအသုံးမကျဘူး၊ လက်ကြားထဲမှာ က စီးကရက်နဲ့၊ မိန်းကလေးမြင်ရင်လည်း ဘာငမ်း သလဲမပြောနဲ့၊ စိုးကို လိုက်နှောင့်ယှက်နေတာ၊ သူ့အစ်ကိုချစ်ကြီးသိရင် သူ့ခေါင်းကွမ်းစားမှာ သေချာတယ်၊ ကိုကိုလဲ ကြံ့ရာပါ ဖြစ်မယ် သတိထားနေ"

"ကိုကိုပါရင် သိန်းဆွေ မလုပ်ရဲပါဘူး၊ မပူပါနဲ့ ညီမလေးရဲ့ ၊ ခု ကိုကိုတို့က ဘယ်မှလျှောက် ပွေမှာ မဟုတ်ဘူး၊ အားကစားရုံမှာ ရန်ကုန်ကအဖွဲ့နဲ့ ဒီကလူငယ်အဖွဲ့ ကြက်တောင်ရိုက်ပွဲရှိလို့ သွားကြည့်မလို့ပါ"

"ဒါဆိုလဲ ပြီးရော"

အိမ့်သီရိသည် သူ့အစ်ကိုရေချိုး ပြီးလျှင် ဝတ်ဆင်ဖို့ သူကိုယ်တိုင် သပ်သပ်ရပ်ရပ် ပြန့်နေ အောင် မီးပူတိုက်ထားသော အဝတ်တစ်စုံကို ထုတ်ထားပေးလိုက် သည်။

"မေမေ ဘာလုပ်နေတာလဲ"

"သားနဲ့သမီး အဆာပြေစားဖို့ ကန်းစွန်းဥငချိတ်ပေါင်း ခွာနေတာလေ"

"ဟယ် ကောင်းလိုက်တာ"

မိခင်အနီး စားပွဲဝိုင်းကလေးတွင် အိမ့်သီရိ ဝင်ထိုင်လိုက်သည်။

သမီးကိုကိုရော၊ စောစောက မေမေ လှစ်ခနဲ မြင်လိုက်မိပါတယ်"

"ရေတွင်းမှာ ရေသွားချိုး နေတယ်၊ သူများ ကြက်တောင်ရိုက်ပွဲ သွားကြည့်မလို့တဲ့၊ သမီး တောင် အဝတ်အစားတစ်စုံ ထုတ်ထားပေးခဲ့ရသေးတယ်"

"အင်း...သား ကတော့ အားကစားဆိုရင် အားလုံးကို ဝါသနာပါတယ်၊ ကိုလွင်ကပြောတယ်၊ အဲဒါ သူနဲ့တူတာတဲ့ သူငယ်ငယ်ကလဲ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ပဲတဲ့၊ အဟင်း...ဟင်း ဟင်း"

"အဲဒါခက်တာပေါ့ မေမေ၊ တစ်ခုခုကို စွဲစွဲမြဲမြဲနဲ့ ထူးချွန်ပေါက်မြောက်အောင် လုပ်နိုင်ရင်လဲ အကောင်းသား၊ တိုင်းပြည်နဲ့လူမျိုး အတွက် ဂုဏ်ယူစရာ ဖြစ်တာပေါ့၊ ခုတော့ မဟုတ်ပါဘူး၊ ဘောလုံးဆိုလဲ ပါလိုက်တာပဲ၊ ပြိုင်စက်ဘီးဆိုလဲ ပါလိုက်တာပဲ၊ ခြင်းလုံးဆိုလဲ ပါလိုက်တာပဲ၊ စားပွဲ တင်တင်းနစ်ဆိုလဲ ပါလိုက်တာပဲ၊ ခု ကြက်တောင်တဲ့ စလာပြန်ပြီ"

ဒေါ်မေဦးသည် သမီးငယ်၏ မျက်နှာကို ပြုံး ၍ ကြည့်နေ၏ ။

"ဟော..ပြောရင်းဆိုရင်း ပြန်လာပြီ၊ ကိုကိုရေ အဝတ်လဲပြီးရင် ထမင်းစားခန်းထဲကို ခဏ လာခဲ့ဦး"

နောက်သို့ လည်ပြန်လှည့်၍ အိမ့်သီရိက အော်လိုက်သည်။

"အေး...လာမယ်..လာမယ် ဘာတွေ ကောင်းကောင်းကန်းကန်း ကျွေးမလို့လဲ ညီမလေးရ"

"လာတော့တွေ့မှာ ပေါ့"

"အဟဲ..ဟဲ..ဟဲ"

မော်လွင်သည် သွက်သလားမပြောနှင့် ၊ ရုပ်အင်္ကျီကို ကြယ်သီးတပ်ရင်း ထမင်းစားခန်းဆီ သို့ ရောက်လာသည်။

"သားရယ်..ရေမျှား စင်စင်သုတ်ပါဦးတော့၊ သားဆံပင်တွေ က စိုလို့"

"ခု ခြောက်သွားမှာ ပါ မေမေရဲ့ "

သူ့နဖူးပေါ်က ဆံပင်စတွေ ကို လက်ဖြင့် သုတ်ခါရင်း မော်လွင်သည် အိမ့်သီရိ၏ နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"ကန်းစွန်းဥငချိုတ်တွေ ပါလား၊ အတော် ပဲ မိုက်ဆာနေတာနဲ့"

"သိနေတယ်လေ၊ ကိုကိုမိုက်ဆာနေမယ်ဆိုတာ၊ ရော့ စား..စား"

ကန်စွန်းဥပန်းကန်ကို အစ်ကို ဖြစ်သူ၏ ရှေ့သို့ အိမ့်သီရိက တိုးရွှေ့ပေးလိုက်သည်။

"သားလေး...သိပ်မိုးမချုပ်နဲ့နော်၊ ထမင်းစားချိန်ကို အမီပြန် ဖအေလုပ်တဲ့လူက ထမင်းစားပွဲ မှာ လူမစုံရင် ကြိုက်တာမဟုတ်ဘူး၊ သိတယ်မဟုတ်လား သား"

"ဟုတ်ကဲ့ပါမေမေ"

"ဖြည်းဖြည်းစားလေ..ကိုကိုက နောက်ကနေ ကျားလိုက်နေတာ ကျနေတာပဲ၊ နင်သွားမှ ဟုတ်ပေ့ ဖြစ်နေမယ်"

"အဟီး..."

မော်လွင်က အစားပလုတ်ပလောင်းနှင့် ညီမ ဖြစ်သူကိုကြည့်၍ ရယ်လိုက်သည်။

"ရော့..ရေနွေးကြမ်း"

"ညီမလေးက သိပ်အလိုက်သိတတ်တာပဲ၊ ဒါကြောင့် ချစ်ရတာ "

"တွေ ့လား မေမေ၊ မေမေ့သားကြီးက ဒီအပြောမျိုး လေးတွေ နဲ့ပဲ စားစားနေတာ"

ဒေါ်မေဦးသည် ချစ်သားကြီးနှင့် ချစ်သမီးငယ်လေးကို ရင်မှာ ကြည်နူးကြည်မွေ့စွာ ဖြင့် ပြုံး ပြုံး ကြီး ကြည့်နေပါသည်။

မော်လွင်သည် ရေနွေးကြမ်းပန်းကန်ကို ကောက်ယူ၍ မော့ချပြီး ထိုင်ရာမှထလိုက်သည်။

"သွားမယ်နော်..ဟိုကောင်ကြီးစောင့်နေမှာ မို့လို့"

မော်လွင် တစ်ယောက် လျင်မြန်စွာ ပင် ထမင်းစားခန်းမှထွက်၍ ပျောက်သွားတော့သည်။

"အင်း သားကြီးနဲ့ မေမေ့သမီးငယ်ကလေးကို မတောင့်မတ၊ မကြောင့် မကြထားချင်လိုက် တာ၊ ဘယ်တော့မှာ းမှ မေမေ့ဆုတောင်း ပြည့်မယ်မသိပါဘူးကွယ်"

"တစ်နေ့တော့ ဖြစ်လာမှာ ပေါ့ မေမေရယ်၊ သမီးကိုယ်တိုင်လဲ ဆုတောင်းနေတာပါပဲ၊ သမီး နဲ့ ကိုကိုတက္ကသိုလ်တက်ရမယ့် အချိန်မှာ တစ်နည်းနည်း တစ်လမ်းလမ်းနဲ့ တက်နိုင်တဲ့အခွင့်အရေး ရပါစေလို့"

ဒေါ်မေဦးမျက်နှာပေါ်တွင် စောစောကစွဲထင်နေသော ပီတိသော မနသ  တွေ အစား ညှိုး ငယ်အားဖျော့မှု တွေ ဝင်ရောက်လာ၏ ။

"အင်း...သားကြီးရော သမီးငယ်ပါ တက္ကသိုလ် သိပ်ရောက်ချင်ကြရှာတယ်၊ သူတို့ကလေး တွေ ဆန္ဒပြည့်အောင် ငါဘယ်လိုများ လုပ်ပေးရပါ့မလဲ၊ တွေ းလိုက်ရင်လဲ ဘယ်လမ်းစမှ မမြင်ဘူး၊ ငါတို့ အတော် ကံမွဲကြပါကလား"

သူ့မျက်ဝန်းအိမ်နှစ် ဖက်တွင် ရစ်ဝဲပြည့်အိုင်လာသော မျက်ရည်များ ထွက်မကျလာအောင် သိမ်းဆည်းရင် ဒေါ်မေဦးသည် ဦးခေါင်းကို ငုံ့ချထားနေ၏ ။

"မေမေ..စားလေ"

"အင်းပါ သမီးလေးရယ်"

♥ ♥ ♥

(၃)

ဒေါ်မေဦးသည် အိမ်ထောင်ရှင်ပီသသော မိန်းမ...မိခင်ကောင်းပီသော မိန်းမ ဖြစ်၏ ။

ခင်ပွန်းသည် ဦးလေးလွင် အလုပ်မှပြန်လာသော အခါ အိမ်ဝမှဆီးကြိုပြီး မိမိပြု အပ်သော ဝတ္တရားတို့ကို နေ့စဉ်မပြတ် ပြုတတ်ပေသည်။

သည်နေ့လည်း စက်ချုပ်နေရာမှ စားပွဲတင်နာရီကလေးကို လှမ်းကြည့်ပြီး စက်ခုံမှ ထလိုက် သည်။

ခင်ပွန်းသည် အိမ်ပြန်ရောက်ချိန်တန်လေပြီကိုး...

မကြာခင်အချိန်မှာ ပဲ ဦးလေးလွင် တစ်ယောက် ဒိုက်စိုက်ဒိုက်စိုက်နှင့် လွယ်အိတ်ကလေး တစ်လုံး ပခုံးတွင် လွယ်က ခြံဝိုင်းထဲသို့ ဝင်လာသည်ကို တွေ့ရ၏ ။

လှေကားရင်းသို့ ဆင်း၍ ခင်ပွန်းသည်၏ ပခုံးမှလွယ်အိတ်ကလေးကို ဒေါ်မေဦးက ယူလိုက် သည်။

"သားတို့ သမီးတို့ကော မေဦး"

"သားက ကြက်တောင်ချိန်းပွဲရှိလို့ သွားတယ်၊ သမီး ကတော့ ရေမိုးချိုး ပြီးလို့ သနပ်ခါးလိမ်း နေလေရဲ့ ၊ ရှင့်ကိုကြည့်ရတာ နွမ်းနွမ်းနယ်နယ်ရှိလိုက်တာ နေထိုင်မကောင်းဘူးလား ကိုလေးလွင်"

"ဒီနေ့ နည်းနည်း အလုပ်များ လို့ ပင်ပန်းသွားတယ် ထင်ပါရဲ့ ကွာ"

"ရှင်...ရေချိုး လို့ ဖြစ်ပါ့မလား"

သူ့လက်ခုံကလေးဖြင့် ခင်ပွန်းသည်၏ နဖူးကို စိုးရိမ်စိတ်ဖြင့် ဒေါ်မေဦးက စမ်းသပ်ကြည့် လိုက်သည်။

ကိုယ်မပူသည့်မို့ သူ့ရင်မှာ အေးသွားရသည်။

"နံးတာပါ၊ ကိုယ် မဖျားပါဘူး မေဦးရဲ့ "

"ရှင်....ရေချိုး မလောနဲ့၊ ဒီမှာ ခဏထိုင်ဦး၊ နားလိုက်ဦးနော်"

ဒေါ်မေဦးသည် ခင်ပွန်းသည်အတွက် ပက်လက်ကုလားထိုင်ကလေးကိုယူ၍ ကပျာကယာ ခင်းပေးလိုက် သည်။

"သံပုရာရည်ကလေးသောက်မလား၊ မေဦး ဖျော်လိုက်မယ်လေ"

"အင်း..ကောင်းသားပဲ"

"မေမေ..နေနေ သမီးသနပ်ခါး လိမ်းပြီးပြီ၊ သမီး ဖျော်လာခဲ့မယ်"

"ငါ့သမီးလေးက လိမ္မာတယ်ကွာ"

ဦးလေးလွင်သည် သမီး၏ သိတတ်မှုကလေးကို ချီးကျူး ရင်း ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည်။

ဒေါ်မေဦးသည် ခင်ပွန်းသည်၏ ဘေး ကြမ်းပေါ်တွင် ထိုင်လိုက်သည်။

"ဒီနေ့ မောင်ရဲ့ဆီက စာရောက်တယ် ကိုလေးလွင်ရဲ့ ၊ ဒီမှာ ဖတ်ကြည့်လိုက်ပါဦး"

ဒေါ်မေဦးသည် စာပွဲပေါ်မှာ စာအိတ်ကလေးကိုယူပြီး ခင်ပွန်းသည်၏ လက်သို့ ပေးလိုက် သည်။

စာဆုံးသွားသော အခါ သူက ခပ်ပြုံး ပြုံး မျက်နှာဖြင့် ဇနီးသည်၏ မျက်နှာကို ကြည့်လိုက် သည်။

“သူ့အစ်ကိုလာမယ်ဆိုလို့ ဒီက ညီနဲ့ညီမ ကတော့ ပျော်နေမှာ ပဲ”

“ပျော်ကြတာပေါ့ရှင်၊ သမီးအိမ့်က မော်လွင့်အိပ်ခန်းတောင် ရှင်းထားနှင့် နေပြီ ရှင့်”

“ဟုတ်လား”

ဦးလေးလွင်က ရယ်လိုက်သည်။

“ဖေဖေ သံပုရာရည်”

အိမ့်သီရိသည် သံပရာရည်ဖန်ခွက်ကလေးကို ဖခင် ဖြစ်သူအား ရိုသေစွာ ဖြင့် ကိုယ်ကလေး ရှေ့သို့ ကိုင်း၍ ပေးလိုက် သည်။

“သာဓုဗျာ..သာဓု..သာဓု...၊ ဖေဖေ့သမီးကလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးလို့ သက်ရှည်ပါစေဗျား”

ဖခင် ဖြစ်သူ ခြွေသသော ဆုကို အိမ့်သီရိသည် မိခင်၏ ဘေး ထိုင်ချကာ ပြုံး ပြုံး ကလေး ခံယူ နေ၏ ။

“ဖေဖေ..”

“ဗျာ...”

“ကိုကိုရဲ့စာကို ဖတ်ပြီးပြီလား”

“ဖတ်ပြီးပါပြီဗျာ၊ သမီးလေး ပျော်နေတယ် မဟုတ်လား”

အိမ့်သီရိက ခေါင်းကလေးကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

ဦးလေးလွင်သည သမီး ဖြစ်သူ၏ ဆံပင်တွေ ကို ချစ်စနိုးလက်ဖြင့် ပွတ်လိုက်သည်။

“ဟာ..ဖေဖေကလဲ အိမ့် ခုပဲ ခေါင်းဖြီးလာတာ”

"ဟုတ်သားပဲ ကိုလေးလွင်ကလဲ သမီးခေါင်းတွေ ပွကုန်ပြီ"

"ပွပါစေကွာ၊ ကိုယ့်သမီး အလှမပျက်ပါဘူး၊ ကိုယ့်သမီးက ဘယ်လိုနေနေ လှနေတာပဲ"

"ရှင် ကတော့လေ..ကိုယ့်ငါးချဉ် ကိုယ်ချဉ်ဖို့ဆိုရင် လာခဲ့ဆိုတဲ့လူစား"

"ကိုယ့်သမီးက လှလို့လှတယ်ပြောတာပဲ မေဦးရာ...ကိုယ်ပြောတာ အပိုမပါပါဘူးနော်"

ရက်ဝဲဝဲကလေး ဖြစ်နေသော သူ၏ ဆယ့်ခြောက်နှစ် အရွယ် သမီးကလေး၏ မျက်နှာလေး သည် ဦးလေးလွင်၏ မျက်စိထဲတွင် တိမ်စင်လနှယ် အလှကြွယ်၍ နေပါ၏ ။

"အင်း..သားတို့သမီးတို့လဲ အရွယ်ကလေးတွေ ကြီးလာကြပြီနော် မေဦး"

"ဟုတ်တယ်..မောင်နှမနှစ် ယောက် စလုံး ဒီနှစ် ထဲမှာ ထွားတက်လာကြတယ်၊ မောင်ရဲတော့ သူ့ညီနဲ့ညီမကိုမြင်ရင် အံ့သြသွားမှာ ပဲ"

ဦးလေးလွင်သည် ကြမ်းပြင်ကို လက်သျှိုး ကလေးဖြင့် ဝိုင်း၍ ဆော့နေသော သမီးငယ်ကို ကြည့်ရင်း စိတ်ထဲတွင် သျှိုး နွမ်း၍ လာပြန်သည်။

"ငါ့ဘဝကြီးက ဒီအတိုင်းပဲ မတိုးမတက်နဲ့ ဆက်လက်လျှောက်နေတော့မှာ လား၊ ငါဟာ ကြံ့ရည်ဖန်ရည် ဘာမှမရှိတဲ့ လူ တစ်ယောက် ပဲ၊ ငါအိမ်တောင်မှ ငါ့ရဲ့ ရှာဖွေလုပ်ကျွေးမှု နဲ့ မလုံ လောက်ခဲ့ဘူး၊ တစ်ဖက်တစ်လမ်းက မေဦးသာ စက်ချုပ်ပြီး ငွေမရှာတတ်ရင် မတွေ းဝံ့စရာပဲ၊ ငါ့မိန်း မမေဦးကို ငါသနားပေမယ့်လဲ ငါ ဘာမှမတတ်နိုင်ပါလား၊ အဆိုးဆုံးက သားနဲ့သမီး တက္ကသိုလ် တက်ချင်ကြတဲ့ကိစ္စ သားနဲ့သမီးကို ပညာတတ်ကြီးတွေ အ ဖြစ်နဲ့ ငါ သိပ်မြင်ချင်တာပေါ့၊ သူတို့ကို ပံ့ပိုးပေးဖို့ ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ ဉာဏ်လဲမရှိ၊ ကံလဲမရှိတဲ့ ငါပါလား၊ ငါ့ကိုယ်ငါ မကျေနပ်ပါဘူး ကွာ"

"ကိုလေးလွင်"

"ဟင်...ဘာလဲ မေဦး"

“ဒီနေ့ အိမ်ကို ဆန်သည်ဒေါ်အေးကြည်ကြီး လာသွားတယ်”

ဦးလေးလွင်သည် ညှိုးငယ်သွားသော မျက်နှာဖြင့် ဇနီးသည်ကို ကြည့်လိုက်သည်။

“လာတာ ကတော့ ကြွေးလာတောင်းတာပါ၊ လကုန်ကျရင် သူ့အကြွေးကို အပြတ်ဖြတ်ပေး ပါတဲ့”

“ဟုတ်လား.အင်း.ချေးငွေကလေး မြန်မြန်ထုတ်ခွင့်ရပါစေလို့ပဲ ဆုတောင်းရမှာ ပဲ မေဦးရယ်၊ အစ ကတော့ ဒီပိုက်ဆံလေးရရင် သားနဲ့သမီးကို စာမေးပွဲအောင်လို့ လက်ဆောင်ကလေး ဝယ်ပေး မလားလို့ကွာ”

စိတ်ပျက်အားငယ်သွားသော ခင်ပွန်းသည်ကိုကြည့်ပြီး ဒေါ်မေဦးမှာ လည်း ရင်ထဲတွင် ဆို့နစ်၍ လာသည်။

“အင်း..ကိုယ်တို့မိသားစုတွေ လဲ ကံမကောင်းကြသေးဘူးနော်၊ ဒီလိုပဲ လူးလူးလိမ့်လိမ့်နဲ့ နေလာခဲ့ရတာ ကြာပြီ”

“ကြုံ့ကြုံ့ခံလက်စနဲ့ ဆက်သာ ခံလိုက်ကြဦးစို့ ကိုလေးလွင်၊ ဒီလိုနဲ့ပဲ သားနဲ့သမီးတောင် အရွယ်ရောက်လာကြပြီမို့လားရှင်”

“အဲဒါပိုခက်တာပေါ့ မေဦးရဲ့ ၊ ကလေးတွေ ကြီးလာလေလေ ပြည့်စုံဖို့လိုလေပဲ မဟုတ်လား၊ ခုပဲကြည့်လေ ကလေးတွေ က တက္ကသိုလ်တက်ချင်ကြတယ်၊ ကိုယ်တို့မှာ ထားချင်ပေမယ့်လဲ ငွေကြေးလဲ မပြည့်စုံကြဘူး၊ အဲဒါ ဘယ်နှယ့်လုပ်မလဲ”

“အဲဒီ အကြောင်းကိုပဲ ရှင့်ကို ကျွန်မ ပြောပြမလို့ ကိုလေးလွင်”

“အင်း…ဆိုပါဦး”

“ဆန်သည်ဒေါ်အေးကြည်ကြီးက ပြောသွားတယ်၊ ဈေးပိုင်းက မခင်လှကို ကိုလေးလွင် သိတယ်မဟုတ်လား”

“မခင်လှ သိပါတယ် သူ ဘာ ဖြစ်လို့လဲ”

"သူ ဘာမှမ ဖြစ်ပါဘူး၊ သူ့သမီး မေကြည်ကလေးကို ရန်ကုန်က ကုမ္ပဏီတစ်ခုမှာ အလုပ် သွင်းလိုက်ပြီတဲ့၊ ဒေါ်အေးကြည်ကပြောတယ်၊ သားနဲ့သမီးကိုလဲ မခင်လှလို အလုပ်ရှာပြီး သွင်း လိုက်ပါလားတဲ့၊ အလုပ်တစ်ဖက်နဲ့ အဝေးသင်တက်ပြီး ပညာဆက်သင်မယ်ဆိုလဲ ဆက်နိုင်တာပဲ တဲ့"

ဦးလေးလွင်သည် ဇနီးသည်၏ မျက်နှာကိုကြည့်ရင်း သက်မကြီး ချလိုက်သည်။

"သားကိုတော့ထား၊ သမီးက အလုပ်လုပ်ဖို့ ငယ်ပါသေးတယ်၊ သိပ်မလောပါနဲ့ မေဦးရယ်၊ ကိုယ်စဉ်းစားပါဦးမယ်၊ အလုပ်ထဲဝင်ပြီး ပညာဘက် ပေါ့သွားမှာ လဲ ကိုယ်ကြောက်တယ်"

"သူပြောသွားတာ ပြောပြတာပါရှင်"

"အိမ့်ရေ"

"ဟော..အေးသန့်လာခေါ်နေပြီ"

"ဘာလဲဟေ့ အေးသန့်"

"လမ်းထိပ်သွားမလို့ ခဏလိုက်ခဲ့မလား"

တစ်ဖက်ခြံတွင် နေထိုင်သော မိန်းကလေးက အိမ့်သီရိကို မေးလိုက်သည်။

"မေမေ၊ အေးသန်နဲ့ လမ်းထိပ်ခဏလိုက်သွားမယ်နော်"

"အေး..အေး မိုးမချုပ်စေနဲ့နော်"

"ဟုတ်ကဲ့"

အိမ့်သီရိ အိမ်ပေါ်မှဆင်းသွားသည်။

ကိုလေးလွင်ရယ် ကလေးတွေ ရှေ့မှာ စိတ်အားငယ်စရာစကားတွေ ရှင်ရောကျွန်မပါ မပြော ကြရင် ကောင်းမယ်၊ သူတို့ စိတ်ဓာတ်ကျဆင်းသွားမှာ ကို ကျွန်မ သိပ်ကြောက်တာပဲရှင်"

“အင်း..ဟုတ်တယ်၊ ကိုယ်လဲပြောပြီးမှ သတိရမိတယ်၊ ကိုယ်တို့ ဆင်ခြင်ကြတာပေါ့ကွာ”

“ကဲ...ရှင် နားနားနေနေ နေလိုက်ဦး၊ ကျွန်မ ညစာအတွက် အသုပ်ကလေး သွားသုပ်လိုက် ဦးမယ်”

“ဘာသုပ်မှာ လဲ”

“ခရမ်းချဉ်သီးသုပ်လေ၊ ရှင့်သမီးချောက စားချင်လို့တဲ့”

ဒေါ်မေဦး ထိုင်ရာမှ ထထွက်ခဲ့သည်။

ဦးလေးလွင်သည် ခေါင်းတညိတ်ညိတ်လုပ်ရင်း စားပွဲပေါ်မှ စာစောင်တစ်စောင်ကို လှမ်းယူ လိုက်သည်။

♥ ♥ ♥

(၄)

“အင်း..ဦးဦးလွင်တို့အိမ်နဲ့တော့ နီးလာပြီ၊ ဟိုကောင်မလေးနဲ့ကောင်လေးတော့ ငါ့ကိုတွေ့ရင် သိပ်ဝမ်းသာကြမှာ ပဲ၊ သာလိကာမကလေး ဒီတစ်ခါ ငါ့ကို ဘာအကြောင်းတွေများ နားငြီး အောင် ပြောဦးမယ် မသိဘူး၊ အဟင်း..ဟင်း..ဟင်း”

ရဲရင့်အောင်သည် ကားပေါ်တွင် လိုက်ပါလာရင်း မော်လွင်နှင့် အိမ့်သီရိတို့မောင်နှမ နှစ် ယောက် အကြောင်းကို စဉ်းစား၍ နေမိသည်။

မကြာမီ ကားကလေးသည် သူ၏ ခရီးဆုံး ဖြစ်သော ဦးလေးလွင်၏ ခြံဝိုင်းကလေးရှေ့ကို ရောက်ရှိလာသည်။

ရေထမ်းကို ပခုံးတွင် ထမ်း၍ အိမ်ရှေ့ဘက်ဆီသို့ ထွက်လာသော မော်လွင်သည် သူတို့ ခြံဝိုင်းရှေ့က ကားပေါ်မှဆင်းလာသူကို တွေ့ရလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး..

“ညီမလေးရေ...မေမေရေ့ကိုကိုရဲကြီးလာပြီဗျ”

သူ့ပခုံးပေါ်က ရေထမ်းကြီးကိုပစ်ချပြီး မော်လွင်သည် ရဲရင့်အောင်ထံသို့ ပြေးသွား၏ ။

“ဟေး မော်လွင်..အားပါးပါး.ငါ့ကောင်ကြီးက လူပျိုဖားဖား ထွားထွားကြီးတောင် ဖြစ်နေပါ ရောလား ဟင်”

မော်လွင်၏ ထွားကျိုင်းသန်မာနေသည့် အဝတ်မဲ့သော ခန္ဓာကိုယ်အထက်ပိုင်းကိုကြည့်ကာ ရဲရင့်အောင်က အားရဝမ်းသာသံကြီးဖြင့် ပြောလိုက်သည်။

“ဟေး... ကိုကိုရဲကြီး”

သူ့အမည် ကိုခေါ်၍ အိမ်ပေါ်မှ ပြေးဆင်းလာသော မိန်းမပျိုကလေး တစ်ယောက် ကို ရဲရင့် အောင် တွေ့ရသည်။

အသားကလေးဖြူဖျော့ဖျော့။

လူကလေးက ပိန်တိပိန်ညှောင်နှင့် သူနောက်ဆုံးတွေ့ခဲ့ရသော ချာတိတ်မလေး အိမ့်သီရိ မဟုတ်တော့ပြီ။

ကိုယ်လုံးကိုယ်ပေါက် အချိုး အဆစ်ကျနစ်၍ ပြည့်ဖြိုး လှပနေသော မိန်းမပျို ကလေးတစ် ယောက် ၊ သူကလေးမှာ နုပျိုလန်းဆန်း၍ မှု န်ညက်နေအောင် လှလွန်းသူကလေး ဖြစ်နေပါ၏

"အိမ့်လေး"

"ကိုကိုရဲကြီး"

အိမ့်သီရိသည် ရဲရင့်အောင်က လက်မောင်းတစ်ဖက်ကို ပြေး၍ ဖက်တွယ်ခိုစီးထားလိုက်သည်။

အခြားလက်တစ်ဖက်မှာ က မော်လွင်...

"ဟာ..အိမ့်လေး ကြည့်စမ်း၊ ကြည့်စမ်း၊ အပျိုကြီးဖားဖားတောင် ဖြစ်နေပါရောလား၊ ကိုယ့် မျက်စိတောင် ကိုယ်မယုံချင်ဘူးကွာ၊ တကယ်ပဲ"

"အဟင်း..ဟင်း.ဟင်း"

အိမ့်သီရိသည် သဘောကျ၍ ငွေဆည်းလည်းကလေး လှုပ်ခါနေသည်ကဲ့သို့ သော အသံ သာကလေးဖြင့် ရယ်နေ၏ ။

"မင်းညီနဲ့ ညီမလေး ထွားလာကြတာတော့ မပြောပါနဲ့တော့ မောင်ရဲရေ့၊ နေ့တိုင်းမြင်နေရ တဲ့ အမေနဲ့အဖေတောင် အံ့သြယူရတယ်"

"ဒေါ်လေးမေ နေကောင်းတယ်နော်"

“ကောင်းပါတယ်ကွယ်”

“ကျွန်တော် ဗျာ၊ ဒီကောင်ကြီးကို တွေ့တွေ့ချင်း မော်လွင်ဟုတ်မှဟုတ်ရဲ့လားလို့၊ ခု အိမ့် ကလေးကို တွေ့ရတော့ ပိုဆိုးသွားတယ်၊ ကိုယ့်မျက်စိတောင် ကိုယ် မယုံချင်တော့ဘူး၊ တစ်နှစ် အ တောအတွင်းမှာ ထိုးတင်လိုက်ကြသလိုပဲနော်”

“ဟုတ်ပ့ါကွယ်”

မိသားစုတွေ ရဲရင့်အောင်၏ အထုပ်အပိုးများ ကို ကိုယ်စီကူသယ်ကာ အိမ်ပေါ်သို့ ရောက်ရှိ လာကြသည်။

“ထိုင် မောင်ရဲ၊ မင်းရောက်လာတာ စောသားပဲ”

“ကျွန်တော် မိတ်ဆွေ တစ်ယောက် ရဲ့ ကုန်ကားနဲ့လိုက်လာခဲ့လို့ စောရောက်တာပါ”

“အို…ကုန်ကားကြီးနဲ့ လိုက်လာတာ၊ ကိုကိုရဲ့ကြီး ပင်ပန်းမှာ ပေ့ါ၊ ဘယ်သက်သော င့်သက် သာ ရှိပ့ါမလဲလို့”

“နည်းနည်း တော့ ပင်ပန်းတာပေ့ါ အိမ့်လေးရယ်၊ သူကလဲ အတင်းခေါ်နေတာနဲ့ လိုက် ဖြစ် သွားတာပါ”

“မင်းခြေထောက် အခြေအနေကော”

“အင်း အကင်းမသေတာတော့ အမှန်ပဲ ဒေါ်လေးမေ၊ ပြန်ပြန်ကိုက်နေတယ်”

“မပေ့ါနဲ့ပေ့ါကွယ်၊ ဒီကိစ္စကို လေးလေးနက်နက်ထားပြီး ကု မောင်ရဲ”

“ဟုတ်ကဲ့..ဒေါ်လေးမေ၊ ဒါနဲ့ ဦးဦးလွင်ကော အလုပ်သွားပြီလား”

“မင်းနဲ့တေ့တေ့ကလေးလွဲသွားတာ၊ သူ့အိမ်ပေါ်က ဆင်းသွားတာ မကြာသေးဘူး”

“ကိုကိုရဲ…ပစ္စည်းတွေ အခန်းထဲ ထည့်ထားလိုက်ပြီနော်”

“ကျေးဇူးပဲ ငါ့ညီ”

“ကျွန်တော် ရေမြန်မြန်သွားခပ်လိုက်ဦးမယ်”

“ဖြည်းဖြည်းခပ်ပါ ငါ့ညီရာ၊ ပင်ပန်းနေပါ့မယ်”

“ဟုတ်သားပဲ သားကလဲ၊ မင်းအစ်ကိုက ဘယ်ထွက်ပြေးမှာ မို့လဲ”

“အဟင်း.သားက ကိုကိုရဲကြီးနဲ့ စကားမပြောရတာ ကြာလို့ပါ”

“အောင်မလေး ခု ပြောစမ်းပါတော် ၊ တစ်နေ့လုံး တစ်ညလုံးကိုး”

မော်လွင်သည် ရယ်မောရင်း အိမ်ပေါ်မှ ဆင်းသွားသည်။

“အိမ့်လေး..အဲဒီ ခြင်းထဲမှာ ခေါပုပ်တို့၊ တို့ဟူးချဉ်တို့ မုန်ညင်းချဉ်တို့ ပါတယ်၊ နောက် ဘာ တွေ လဲ မသိပါဘူးကွာ၊ ဖေဖေ ထည့်ပေးလိုက် တာ စုံနေတာပဲ၊ အိမ့်လေး ထုတ်ကြည့်လိုက်”

“ဟုတ်ကဲ့ ကိုကိုရဲ”

အိမ့်သီရိသည် ခြင်းတစ်ခုအတွင် းမှ စားသောက်ဖွယ်ရာများ ကို ထုတ်လိုက်သည်။ တောင် ကြီးမြို့ ထွက် စားဖွယ်ရာများ များ စွာ ကို တွေ့ရှိရသည်။

“ဟယ်...စားစရာတွေ အများ ကြီးပဲ၊ ပျော်လိုက်တာ မေမေ”

“ကဲ..အဲဒါသာကြည့်တော့ မောင်ရဲရေ့၊ မင်းနမက လူကသာကြီးတာ၊ စိတ် ကတော့ ကလေးစိတ်ပဲ ရှိသေးတယ်”

ရဲရင့်အောင်သည် ကလေးဆန်နေသော မိန်းကလေး၏ အပြုအမူ၊ အမူအရာကလေးများ ကို ကြည်နူးစွာ ဖြင့် ကြည့်နေမိပါ၏ ။

“ဟမ်းဘက်အိတ်ထဲမှာ ညီလေးနဲ့အိမ့်လေးအတွက် လွယ်အိတ်တွေ လည်း ပါခဲ့သေးတယ်”

“ဟင်း..ပျော်စရာကြီး၊ ကျောင်းတက် ဖြစ်ရင် လွယ်အိတ်အတွက်

မပူရတော့ဘူးပေါ့နော် မေမေ”

အိမ့်သီရိသည် စားစရာတွေ နှင့် အလုပ်ရှုပ်ရင်း ပြောလိုက်သည်မို့ မိခင်ဖြစ်သူက ရဲရင့် အောင်၏ မျက်နှာကို ဖျတ်ခနဲညှိုး ငယ်စွာ ကြည့်လိုက်သည်ကို မတွေ့လိုက်ရဘဲ ရှိ၏ ။

ဒေါ်မေဦး၏ ရင်မှ ခံစားချက်ကို ထိုးထွင်းသိမြင်လိုက်သည့်ကဲ့သို့ ရဲရင့်အောင်၏ ကြည်နူးရွှင် ပျသော နေသော မျက်နှာကြီးသည်လည်း ရုတ်ခြည်းညှိုး ကျိုင်တွေ ၍ သွားတော့သည်။

“မေမေ သမီးဒါတွေ ကို ကြောင်အိမ်ထဲ ထည့်လိုက်မယ်နော်”

“ထည့်လိုက်သမီး...ထည့်လိုက်”

အိမ့်သီရိလေးသည် စားသောက်ဖွယ်ရာများ ကို တစ်ပိုးတစ်နင့်ကြီး သယ်ဆောင်ကာ မီးဖို ဆောင်ဆီသို့ ထွက်ခွာသွားသည်။

“သားနဲ့သမီးက တက္ကသိုလ်သိပ်တက်ချင်နေကြတယ် မောင်ရဲရယ်”

ဒေါ်မေဦးသည် လေသံပျော့ပျော့ကလေးဖြင့် မျက်နှာကလေးညှိုး ငယ်စွာ ရဲရင့်အောင်ကို ကြည့်ကာပြောလိုက်သည်။

“တက်ချင်ကြမှာ ပေါ့ဗျာ၊ သူတို့ကို ကျွန်တော် ကိုယ်ချင်းစာနာမိပါတယ်၊ ဒီအတွက် သိပ်လဲ စိတ်အားငယ်မနေပါနဲ့ ဒေါ်လေးမေရယ်၊ ကျွန်တော် လဲ ရှိနေတာပဲဗျာ၊ ကောလိပ်ပို့နိုင်အောင် ကြိုး စားရမှာ ပေါ့”

“မင်းမှာ လဲ ဝေဒနာတစ်ဖက်နဲ့ပါကွယ်၊ ဒေါ်လေးမေတို့အပူကို မင်းကို မကူးစက်စေချင်ပါ ဘူး”

“ဒီလိုသူစိမ်းစကားမပြောပါနဲ့ ဒေါ်လေးမေရယ်၊ ကျွန်တော် ဝမ်းနည်းတယ်၊ အိမ့်လေးနဲ့ မော်လွင်ကို ကျွန်တော့် ညီလေး ညီမလေး အရင်းအချာလို သဘောထားတာပါ၊ သူတို့အတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ကျွန်တော် လုံးဝခံယူထားပါတယ်”

ဒေါ်မေဦးသည် ရဲရင့်အောင်၏ မျက်နှာကို နူတ်ဆိတ်၍ သာ ခပ်ငေးငေးကြည့်နေ၏ ။

"ကျွန်တော့် သူငယ်ချင်းတွေ တစ်ဦးစနှစ် ဦးစ ရန်ကုန်ကိုဆင်းလာပြီး ကုမ္ပဏီဖွင့်အလုပ် ဖြစ် နေကြတာ တွေ ့ရပါတယ်၊ အဆင်ပြေရင်ပြေသလို ကျွန်တော် လဲ ဒီမှာ အလုပ်လုပ် ဖြစ်ချင် လုပ် ဖြစ် မှာ ပါ၊ ဖေဖေတို့လဲ အလုပ်ရရင် ဝင်လုပ်မယ့်အကြောင်း ပြောခဲ့ပြီးပါပြီ"

"မင်းဖေဖေက သဘောတူရဲ့ လားကွယ်"

"သူ ကတော့ သူ့လုပ်ငန်းကိုပဲ ဆက်လုပ် စေချင်တာပေါ့ ဒေါ်လေးမေရယ်၊ ကျွန်တော် ကလဲ ကိုယ်တတ်ထားတဲ့ အလုပ်လုပ်ချင်တယ်လေ၊ အခွင့်အရေး ရရင်ပေါ့ဗျာ"

"ဟိုမှာ မင်းအဖေကို ဘယ်သူကူမလဲ မောင်ရဲ့ ရယ်"

"အိုက်ထွန်းတို့သားအဖေတွေ ရှိပါတယ်၊ သူတို့က လူယုံတွေ ပဲ ဒေါ်လေးမေ"

"အင်း...အိုက်ထွန်းဆိုလို့ သူ့သား ခမ်းမော်လဲ တော် တော် ကြီးရောပေါ့နော်"

"ခမ်းမော်လဲ တော် တော် ထွားလာပါတယ်၊ သူက မော်လွင့်ထက် နှစ် နှစ် လောက်ပဲကြီးတာ"

"ဟုတ်တယ်..ဒေါ်လေးမေတို့ တောင်ကြီးကနေ ထွက်လာတော့ ခမ်းမော်လေးက စကား တောင် စပြောနေပြီလေ"

"မေမေရေ..ကိုကိုရဲကြီး ဆာနေမှာ ပဲ ဘာကျွေးရမလဲဟင်"

မီးဖိုဆောင်ဘက်မှ အိမ့်သီရိကလေး၏ အသံထွက်လာသဖြင့် ဒေါ်မေဦးသည် မီးဖိုဘက်သို့ လည်ပြန်လှည့်ကြည့်လိုက်သည်။

"အကြမ်းကလေးဖောက်ပြီး ဆီထမင်းနဲ့ ငါးခြောက်ဖုတ်ကလေး ယူခဲ့လေ သမီးလေးရဲ့ "

“နေ..နေ အိမ့်လေး..ကိုကိုရဲ မဆာဘူး၊ ထမင်းစားချိန်ကျတော့မှပဲ စားတော့မယ်၊ ခု ခဏ နားလိုက်ချင်လို့”

“ဟုတ်သားပဲ တစ်ညလုံး အိပ်ရေး ပျက်လာတာ အိပ်ခန်းထဲသွားပြီး နားနားနေနေ နေလိုက် မောင်ရဲ၊ နားနားနေနေ နေလိုက်၊ မင်းနှမလေးက မင်းအတွက် အိပ်ရာပြင်ထားပြီးသားကွယ့်”

“အိမ့်လေးက တယ်လိမ္မာတာပဲကိုး”

ရဲရင့်အောင်သည် အိပ်ခန်းဆီသို့ ထလျှောက်သည့်တွင် ခြေထောက်ကဒဏ်ရာကြောင့် ကိုယ်လုံးကြီး ယိုင်ခနဲ တစ်ချက် ဖြစ်သွား၏ ။

“အို...လဲတော့မှာ ပဲ”

အိမ့်သီရိကလေးသည် သူ့ထံသို့ လျှင်မြန်စွာ ရောက်ရှိလာပြီး ဖေးမတွဲ ကူထားလိုက်သည်။

အပျိုစင်မကလေး၏ အိညက်သော ကိုယ်လုံးကလေးနှင့် သူ့ကိုယ် ထိတွေ့သွားမှု သည် ရဲ ရင့်အောင်၏ ရင်ကို ပြင်းထန်စွာ လှုပ်ခုန်သွားစေပါ၏ ။

အသက်ရှူများ ပင် မှာ းမိရပါသည်။

“နေ..နေ အိမ့်လေး၊ ကိုကိုရဲ လျှောက်နိုင်ပါတယ်၊ ရုတ်တရက် ထ လိုက်လို့ပါ”

“အာ..မရဘူး တွဲ မှာ ပဲ၊ အိမ့်ကိုများ အားနာစရာလား ကိုကိုရဲကြီးရဲ့ ၊ ကိုယ့်ညီမလေးပဲ ဥစ္စာ ကို”

အိမ့်သီရိသည် သူ့လက်မောင်းကို လွှတ်မပေးဘဲ ဖေးမတွဲ ကူကာ အိပ်ခန်းဆီသို့ ခေါ် ဆောင်သွားခဲ့သည်။

ရဲရင့်အောင်သည် တောင့်ခံ၍ ဟန်ဆောင်ကာ လျှောက်နေသော် လည်း ခြေထောက်ဆီက နာကျင်လှသော ဝေဒနာပေးမှု ကြောင့် ထော့နင်း...ထော့နင်း ဖြစ်၍ နေ၏ ။

"ကိုကိုရဲရာက မဟုတ်သေးပါဘူး၊ ဒီတစ်ခါတော့ အပြတ်ကုပြီးမှ တောင်ကြီးကိုပြန်တော့၊ ဒီလိုသာ ဒဏ်ပြန်ပြန် ဖြစ်နေရင် ဘယ်ကောင်းမှာ လဲ"

"ကဲ..ရပါပြီ ညီမရယ် ကျေးဇူးပါပဲ"

ရဲရင့်အောင်သည် သူ့အတွက် အိမ့်သီရိ ပြင်ဆင်ထားရှိသော ခုတင်စွန်းတွင် အသာဝင်ထိုင် လိုက်သည်။

"အိမ့် ကိုကိုရဲအဝတ်တွေ ကိုထုတ်ပြီး ဗီရိုထဲ ထည့်ထားပေးမယ်နော်..."

"ဩော်..ခုဝတ်ဖို့ကော တစ်စုံထုတ်ပေးရမလားဟင်"

"ရေချိုး ပြီးမှပဲ အဝတ်အသစ်လဲတော့မယ် အိမ့်"

အိမ့်သီရိကိုကြည့်ရင်း သူ့ရင်တွေ လှုပ်ရှားလွန်းနေသဖြင့် ရဲရင့်အောင်သည် အိမ့်သီရိထံမှ သူ့မျက်နှာကို လွှဲကာထားလိုက်သည်။

ထိုစဉ် ရေခပ်ပြီး၍ အိပ်ခန်းထဲသို့ ကမူးရှူး ထိုး မော်လွင် ရောက်ရှိလာသည်။

ကိုကိုရဲကြီး၊ ညီက ကိုကိုရဲကြီး အမြန်ဆုံးရောက်လာပါစေ ဆုတောင်းနေတာ၊ ခုတော့ ဆုတောင်းပြည့်သွားပြီ သိလား"

ရဲရင့်အောင်၏ နံဘေးတွင် သူ့ကိုယ်လုံးကြီးကို ဘုတ်ခနဲမြည် အောင် ထိုင်ချရင်း မော်လွင် သည် အားရပါးရ ပြောလိုက်သည်။

"သူ ဘာ ဖြစ်လို့ ဝမ်းသာတာလဲ သိလား ကိုကိုရဲကြီး"

ပြောပြစမ်းပါဦးဗျာ"

"ရန်ကုန်မြို့ ထဲကို ကိုကိုရဲကြီးနဲ့ လိုက်ချင်လို့ပေါ့၊ ခု ဟိုမှာ ကုန်တိုက်ကြီးတွေ နဲ့ သိပ်စည် ကားနေတယ်လေ၊ ပစ္စည်းတွေ ကလဲ ဝယ်ချင်စရာတွေ ချည့်ပဲ၊ အိမ် ကတော့ တစ်ခါပဲရောက်ဖူးပါ တယ်၊ စူပါဝမ်းကုန်တိုက်ကို"

"ကိုကိုရဲ"

"ဗျား…"

"ယာမဟာတို့ ဟွန်ဒါတို့ အရမ်းဝင်တာပဲ၊ ကျောင်းတက်ရင် မော်တော်ဆိုင်ကယ်ကလေး သာ စီးတက်ရရင် သိပ်ကောင်းမှာ ပဲဗျာ"

"ခု မိန်းကလေးတွေ တောင် မော်တော် ဆိုင်ကယ် စီးနေကြပြီတဲ့ ကိုကိုရဲရဲ့ "

"ညီမလေးက မစီးပါနဲ့ အန္တရာယ်များ ပါတယ်"

"ကိုကိုမော်ကျတော့ကော"

"ကိုကိုမော်က ယောကျ်ားလေးဟ၊ လာမတုနဲ့"

"ယောကျ်ား..ယောကျ်ား၊ မိန်းမ..မိန်းမ၊ အန္တရာယ်ရှိတာချင်း အတူတူပါပဲနော်၊ တစ်မူးပိုမရှုချင်ပါနဲ့ ဟွန်း…"

မှန့်ဆီကြော်ကဖြင့် ဘယ်နားနေမှန်းမသိ၊ မောင်နှမနှစ် ယောက် အချင်းများနေသည်ကို ကြည့်ကာ ရဲရင့်အောင် ရယ်မိလိုက်သည်။

"ဟော့..ဟော့..ထတော့ရန်မ ဖြစ်ကြပါနဲ့နော်၊ ကိုကိုရဲ ဘယ်သူ့ဘက်လိုက်ရမှန်း မသိဘူး"

"အိမ့်ဘက်လိုက်ပေါ့၊ အိမ့်ပြောတာ မှန်တယ်"

"ကျွန်တော် ပြောတာလဲ မှန်တာပဲ မဟုတ်ဘူးလားဟင် ကိုကိုရဲ"

နှစ် ယောက် စလုံး မှန်တယ်ကွာ၊ ကိုယ့်ညီနဲ့ညီမလေး ကျောင်းတက်ရင် အဆင်ပြေပြေနဲ့ တက်နိုင်ကြပါစေလို့ ကိုကိုရဲ ဆန္ဒပြုပါတယ်"

မောင်နှမနှစ် ယောက် ၏ မျက်နှာကလေးများ သိသိသာသာ ညှိုးမှိန်သွားကြသည်ကို ရဲရင့် အောင် တွေ့လိုက်ရသည်။

တစ်ခါတစ်ခါ စိတ်လွတ်လက်လွတ်ပြီး ပြောမိတာပါဗျာ၊ တကယ်တော့ ညီတို့ဘဝမှာ မော် တော် ဆိုင်ကယ်ဝေးလို့ ကျောင်းတက်ဖို့ဆိုတာတောင်

မစဉ်းစားဝံ့စရာကြီးပါ ကိုကိုရဲရာ”

“ဟာ..ညီ စိတ်လျှော့လှချည်လားကွ၊ ကိုယ့်ညီ ယောက်ျားမဟုတ်ဘူးလား၊ ရွှဲရှိစမ်းပါ၊ လုံ ထမ်းလာတာသာ မြင်ရမယ်၊ ကံထမ်းလာတာ မမြင်ရဘူးဆိုတဲ့ စကား ညီမကြားဖူးဘူးလားဟင်၊ စစ်မရောက်ခင် မြှား မကုန်ချင်စမ်းပါနဲ့ ညီရာ”

ကလေးတွေ အားရှိအောင် တတ်သမျှမှတ်သမျှ ပုံနိုင်း၍ ပြောသာပြောလိုက်ရပေမယ့် သူ့ ရင်ထဲမှာ လည်း ခဲကြီးဆွဲထားသည်သို့ လေးနေပါ၏ ။

“ကံထမ်းလာဖို့ ဖေဖေနဲ့မေမေ စောင့်မျှော်ခဲ့တာလဲ ကျွန်တော် တို့မောင်နှမနှစ် ယောက် တစ်သက်ရှိနေပါပြီ ကိုကိုရဲရယ်”

“ဟုတ်တယ် ကိုကိုရဲကြီးရဲ့ ၊ အိမ့်တို့ ဒီတစ်သက် ကံကောင်းကြပါဦးမလား မသိပါဘူး”

“အချိန်အခါပေးတဲ့နေ့ ရောက်ဦးမှာ ပါ အိမ့်ကလေးရယ်၊ လူဆိုတာ အသက်နဲ့ခန္ဓာ တွဲ နေသ ၍ ရွှဲရှိရမယ်၊ အားလျှော့ခြင်းဟာ အရာရာကို အရှုံးပေးတာနဲ့ အတူတူပဲ၊ အိမ့်တို့ညီတို့က အခုမှ လူ့ အကင်းလေးတွေ ပဲ ရှိကြပါသေးတယ်ကွာ၊ ရည်ရွယ်ချက် မြင့်မြင့်မားမားထားပြီး ရွှဲရှိကြစမ်းပါကွာ”

“ဟဲ့…ကလေးနှစ် ကောင် မင်းတို့အစ်ကို ခရီးပန်းလာတယ်လေ၊ ခဏနားပါစေဦးလား”

“အဲ..ဟုတ်သားပဲ၊ ကိုကိုမော် ထွက်ထွက် ကိုကိုရဲ နားပါစေ”

“ညီမလေးလဲထွက်၊ ညီမလေးလာမှ သာလိကာလို့ စကားပြောတာ”

“ကိုကိုမော်နော်၊ သူများ ကိုဆို ပြောဖို့ပဲ”

အိမ့်သီရိသည် နှုတ်ခမ်းကလေးစူကာ ရှေ့မှနေထွက်သွား၏ ။

မော်လွင်သည် ရဲရင့်အောင်ကို သူ့ညီမထံ မေးငေါ့ပြီး ရယ်မောကာ အိမ်ခန်းထဲမှ လိုက် ထွက်သွားသည်။

ရဲရင့်အောင်လည်း ခုတင်ပေါ်တွင် လှဲချကာ သူ့လက်နှစ် ဖက်ကိုယှက်၍ ခေါင်းတင်ထား လိုက်သည်။

သူ့မျက်နှာသည် ပြုံး ကြည်နေပါသည်။

♥ ♥ ♥

(၅)

"သမီး...အိမ့်လေး"

"ရှင် မေမေ"

"ဒီမှာ အေးသန့်တို့အတွက် သမီးအစ်ကိုကြီးယူလာတဲ့ လက်ဆောင်တွေ နည်းနည်း ခွဲပေး ထားတယ်၊ သွားပို့လိုက်ဦး"

"ဟုတ်ကဲ့ မေမေ"

အိမ့်သီရိသည် သူ့မိခင်ကမ်းပေးနေသော ကျွတ်ကျွတ်အိတ်ကလေးကိုယူပြီး အိမ်ပေါ်မှ အပြေးကလေးဆင်းခဲ့သည်။

"အေးသန့်ရေ..အေးသန့်"

"အိမ့်ရေ...တို့မီးဖိုထဲမှာ ဝင်လာခဲ့၊ ဒီမှာ လက်မအားလို့"

"နင်.. ဘာတွေ ချက်နေတာလဲ"

အိမ့်သီရိသည် အေးသန့်ရှိနေသော မီးဖိုခန်းသို့ ဝင်လာရင်း မေးလိုက်သည်။

"ငါးပိထောင်းမလို့လေ"

"ဩော် ခုနက ငါးပိနံ့ရတာ အေးသန့်ဆီကကိုး"

"တယ် အနံ့ခံကောင်းပါလား"

"ဘာလဲ လူကို အမဲလိုက်ခွေးလုပ်ဖို့ ကောင်းတယ်လို့ ပြောဦးမလို့လား၊ အေးသန့် ပါးစပ်ဟ လိုက်ရင် ဘာပြောမယ်ဆိုတာ သိပါတယ်နော်၊ ရော့ ဒီမှာ တောင်ကြီးလက်ဆောင်"

"အိုး..ပျော်စရာကြီး စားရဦးတော့မယ်၊ အိတ်ထဲက ဘာတွေ လဲဟင် ယောက်မလေး"

"အောင်မယ်..အောင်မယ်..ပြန်ခေါ်စမ်း၊ အိမ့်ကို ဘာတဲ့"

"အဟင်း..ဟင်း..ဟင်း၊ ယောက် မလေးလို့ ခေါ်လိုက်တာလေ အိမ့်ရဲ့"

အိမ့်သီရိသည် မျက်မှော င်ကလေးကြုတ်၍ ရယ်ကျဲကျဲလုပ်နေသော အေးသန့်မျက်နှာကို ကြည့်လိုက်သည်။

"ဘာလဲ အံ့ဩနေလား"

"အင်းပေါ့..အေးသန့်ပဲ ကိုကိုမော့်ကို ကြည့်မရဘူးဆို၊ ခုတော့ ဘုဂလန့်ကြီးကို ဘယ့်နှယ် နေ့ချင်းညချင်းကို သဘောကျသွားရပြန်တာလဲလို့"

"အောင်မလေး၊ ကိုမော်ကြီးများ တော့ ကန်တော့ဆွမ်းပါနော်၊ မျက်နှာကျောကြီးတင်းလွန်း လို့ မကြိုက်ပါဘူး၊ အေးသန့်သဘောကျနေတာ အိမ့်ရဲ့ တောင်ကြီးက ကိုကိုကိုရှင့် သိပြီးလား"

"ဟာ..အေးသန့်စုတ် ဘာတွေ ပြောနေတာလဲ"

"တကယ်ပြောနေတာ အိမ့်ရဲ့၊ သူ့ကိုမြင်ပြီး အေးသန့် သဘောကျနေတာ သိလား၊ သူက လေ အရပ်ကြီးကလဲ မြင့်မြင့်မားမား ဘော်ဒီကလည်း တောင့်တောင့်တင်းတင်းနဲ့ ရုပ်ရည်ကလဲ ခန့်ခန့်ချောချောကြီးနဲ့၊ အဟင်း"

"ဟယ်..အေးသန့်မ၊ နင်တော့ ငရဲကြီးတော့မှာ ပဲ၊ လူကြီးကို ဒီလိုမပြောရဘူးဟဲ့၊ သူ့အသက် က တို့ထက် ဘယ်လောက်ကြီးတယ်မှတ်လဲ"

"အိမ့်ရယ် ဘယ်လောက်ကြီးမှာ မို့လဲ၊ မသကာ ဆယ်နှစ် ဆယ့်ငါးနှစ် ပေါ့၊ အိမ့်မကြားဖူးဘူး လား၊ ယောက်ျားပဥ္စင်း မိန်းမပုခက်တွင် း ဆိုတာလေ၊ နောက်ပြီး ရှိသေးတယ် ကြီးရင်မှီ ငယ်ရင်ချီ ဆိုတာလေး အဟင်း..ဟင်း..ဟင်း ပြောရင်းဆိုရင်း အသည်းထဲမှာ တောင် ယားကျိကျိ ဖြစ်လာပြီ နော်"

"ကဲ ဒီလောက်ယားကျိကျိ ဖြစ်နေရင် အိမ့် ကုတ်ပေးမယ် လာခဲ့..လာခဲ့"

အေးသန့်သည် လက်ထဲမှ ငရုတ်ကျည်ပွေ့ကိုပစ်ချပြီး စားပွဲကို ပတ်ပြေးနေ၏ ။

"အဟင်း..ဟင်း..မောပြီအိမ့်ရယ်၊ တော် တော့ တော် ကြာ အမေပြန်လာလို့ ထမင်းဟင်း အဆင်သင့်မရှိရင် အနှိပ်ခံနေရဦးမယ်"

"အင်း..ဟုတ်သားပဲ၊ ကြီးမေတောင် ပြန်လာတော့မှာ ပဲ"

အိမ့်သီရိသည် ထိုင်ခုံကလေးတစ်လုံးပေါ်တွင် ထိုင်ချလိုက်သည်။

နှစ် ယောက် သား ဆော့ကစားပြီး မောဟိုက်နေကြ၏ ။

အေးသန့်သည် လှော်ထားသော ငရုတ်သီးစိမ်းကလေးများ ကို လျင်မြန်စွာ အညှာခြွေနေ၏ ။

အိမ့်ကလည်း ကြက်သွန်ဖြူကို အခွံနွှာပေးနေ၏ ။ အိမ်နီးပတ်ဝန်းကျင်တွင် အေးသန့်သည် အိမ့်အတွက် တစ်ဦးတည်းသော အဖော် ဖြစ်ပါ၏ ။

အေးသန့်ဘဝက အိမ့်သီရိတို့ထက် နုံချာသည်။ သူတို့မိခင်ကြီး ဒေါ်ကြီးမေမှာ အေးသန့်၏ မောင်လေး သော င်းစိန်သုံးနှစ် သားတွင် ခင်ပွန်းသည်ဆုံးသွားသည်မို့ မုဆိုးမ ဖြစ်ခဲ့ရသည်။

ခေါင်းရွက်ဗျတ်ထိုး ကြုံရာရောင် းပြီး ဒေါ်ကြီးမေသည် သားနှင့် သမီးကို လူလားမြောက် အောင် ကျွေးမွေးစောင့်ရှောက်နေရသူ တစ်ယောက် ဖြစ်၏ ။

အေးသန့်သည် ဉာဏ်ရည်ကလည်း မကောင်းလှသဖြင့် ခုနစ်တန်းနှင့် ကျောင်းထွက်ပြီး အိမ်မှု ကိစ္စကို ဆောင်ရွက်ပေးနေရသည်။ မိခင်က ဈေးရောင် းထွက်ပြီး

မိသားစု စားဝတ်နေရေး ကို ဖြေရှင်းကြသည်။

သူ့မောင်လေး သော င်းစိန်ကလေး ကတော့ ဉာဏ်ထက်သည်မို့ အထက်တန်းကျောင်း တက်နေသည်။ ယခုဆိုလျှင် သော င်းစိန်ကလေးသည် ဆြောက်တန်းကျောင်းသားပင် ဖြစ်နေပြီ ဖြစ်၏ ။

"အေးသန်"

"ဟင်"

"ဒီအထဲမှာ ခေါပုပ်တွေ ၊ ပဲငါးပိတွေ ၊ တို့ဟူးချဉ်တွေ ပါတယ်နော်"

စားပွဲပေါ်တွင် ချထားသော ကျွတ်ကျွတ်အိတ်ကို ပုတ်ပြပြီး အိမ့်သီရိက ပြောလိုက်သည်။

"အေး..ကျေးဇူးပဲ အိမ့်ရယ်၊ ဘာ ဖြစ်လို့ အများ ကြီး ယူလာတာလဲ၊ အိမ့်တို့စားဖို့ ထားတာ မဟုတ်ဘူး"

"ကိုကိုရဲ့ကြီးယူလာတာ အများ ကြီးအေးသန့်ရဲ့ ၊ ကိုကိုရဲ့ကြီးက ဒီလိုပဲ၊ ရန်ကုန်ကိုလာရင် အိမ့်တို့အတွက် စားစရာတွေ ၊ လက်ဆောင်တွေ ဒီလိုပဲ ယူလာတတ်တယ်လေ"

"အင်း...သူ့ခမျာလဲ သနားစရာပဲနော်၊ သူ့ခြေထောက်က ဒီလိုပဲ သေရာပါ ထော့နင်းထော့ နင်း ဖြစ်သွားရင် ဒုက္ခ"

"ဟုတ်တယ် အေးသန့်ရယ်၊ အိမ့်လဲ အဲဒါကိုပဲ စိုးရိမ်နေတာ၊ ကိုကိုရဲ့ ဒုက္ခိတ ဖြစ်သွားမှာ ကို လဲ ကြောက်တယ်လေ"

"မပူပါနဲ့ အိမ့်ရယ်၊ ဘယ်ဘဝရောက်ရောက် အေးသန့်က ရေပူရေချမ်း ကမ်းပေးမယ့်လူပါ"

"ကြည့် အေးသန့်၊ စကားအကောင်းပြောရင်းက ဖောက်ပြန်လာပြန်ပြီနော်"

“ဩော်..အေးသန့်က အကောင်းပြောနေတာပါ၊ ကိုရဲကြီးအတွက် အိမ့်က ဇနီးလောင်း ရွေး ပေးမယ်ဆိုရင် အေးသန့်ကိုလဲ ထည့်စဉ်းစားဖို့ပါ”

“ဟင့်အင်း၊ အိမ့် ကတော့ အိမ့်ကိုကိုရဲကြီးကို ဘယ်သူ့ကိုမှ မဝေမျှနိုင်ဘူး၊ မိန်းမလဲ တစ် သက်လုံး မပေးစားဘူး၊ လိုအပ်ရင် အိမ့်တို့ပဲ ပြုစုစောင့်ရှောက်သွားမယ်၊ မိန်းမတွေ က ကောင်းတာ မဟုတ်ဘူး၊ တော် ကြာ ကိုကိုရဲကြီးကို ငြီးငွေ့ပြီး ပစ်သွားရင် ဘယ့်နှယ့်လုပ်မလဲ”

“ဟင့်အင်း..အေးသန့် ကတော့ ဘယ်တော့မှ ပစ်မသွားဘူး၊ တစ်သက်လုံး ဘုရားတစ်ဆူ၊ ဂူ တစ်လုံးလို .အား..အား..အား”

“ကဲ ပြောလေ ကဲလေ..လုပ်ဦး..လုပ်ဦး”

အိမ့်သီရိသည် အေးသန့်၏ ကျောပြင်ကို လက်သီးဆုပ်ကလေးဖြင့် ထုနေပါတော့သည်။

အေးသန့်ခမျာ လက်က ငရုတ်ကျည်ပွေ့ကိုလည်း မချ၊ ကျောတွန့်ရင်း ပါးစပ်က တအား အား အော်နေပါသည်။

ဤသို့ နောက်ပြောင်ကျီစယ်မှု ကလေးသည် သာမန်ကာလျှံကာ ရယ်မောစရာတစ်ခုဟု ထင်ရသော် လည်း နောက်တစိမ့်စိမ့် တွေးကြည့်လိုက်သည့်အခါတွင် အိမ့်သီရိ၏ အသည်းနုနုက လေးတွင် တသိမ့်သိမ့် တငြိမ့်ငြိမ့် ခံစားချက်ပေးသော အကြောင်းအရာ ဖြစ်လာချေပါ၏ ။

“ဟုတ်ပါရဲ့ အေးသန့်ပြောသလိုပါပဲ၊ ကိုကိုရဲရဲ့ မျက်နှာက တည့်တည့်ကြည်ကြည်၊ ခန့်ခန့် ချောချောကြီးနဲ့ ကျက်သရေရှိလိုက်တာ၊ သူ့ကို ဘယ်မိန်းကလေးက သဘောမကျဘဲ ရှိပါ့မလဲ၊ မမ ချိုမြရည်သာရှိရင်လဲ ကိုကိုရဲကို သိပ်ချစ်မှာ ပဲ”

အိမ့်သီရိသည် ရဲရင့်အောင်၏ ချစ်သူ ချိုမြရည်၏ အကြောင်းကို

စဉ်းစားလိုက်မိသည့်တွင် ရဲရင့်အောင်၏ ပိုက်ဆံအိတ်ထဲတွင် အမြဲနေရာယူထားနေသော ချိုမြရည်၏ ဓာတ်ပုံကလေးကို မြင်ယောင်မိလာပြန်သည်။

“အင်း ကိုကိုရကြီးရဲ့ ပိုက်ဆံအိတ်ထဲမှာ မမချိုမြရည်ရဲ့ ဓာတ်ပုံကလေး ဒီနေ့အထိ ရှိနေ တုန်းပဲလား မသိဘူး၊ ငါ သိချင်လိုက်တာ အရမ်းပဲ”

အိမ့်သီရိသည် ပြင်းပြနေသော သိလိုစိတ်ကို မျိုသိပ်ရင်း ရဲရင့်အောင်၏ ထမင်းပန်းကန်ထဲ သို့ ဟင်းတစ်ဇွန်းကို ခပ်ထည့်ပေးလိုက် သည်။

“စားပါ အိမ့်လေးရဲ့ ၊ ကိုကိုရဲရဲ့ ပန်းကန်ထဲမှာ ဟင်းတွေ များ နေပြီ”

သူ့ကိုပြုံး ကြည့်၍ ရဲရင့်အောင်က ပြောလိုက်သည်။ ရဲရင့်အောင်၏ မျက်လုံးများသည် သူ့ အသည်းထဲသို့ တစိမ့်စိမ့်ကြည့်လိုက်သည်ကဲ့သို့ အိမ့်သီရိ ခံစားမိလိုက်ပြီး မခုန်စဖူး ရင်တွေ ကမောက်ကမ ခုန်မိသွားတော့သည်။

မျက်လွှာကို လျင်မြန်စွာ ချပစ်ပြီး အိမ့်သီရိမှာ သူ့စိတ်ကိုသူ မနည်းကြီး ကြိုးစားထိန်းချုပ် နေရပါသည်။

“ဒါဆို မင်းပြောတဲ့ ဆရာဝန်ကြီးဆီကို မနက်ဖြန် သွားတွေ့မှာ ပေါ့နော် မောင်ရဲ”

“ဟုတ်ကဲ့..ဒေါ်လေးမေ၊ မနက်ဖြန်ပဲ သွားလိုက်မယ်”

“ကိုကိုရဲ ကျွန်တော် အဖော်လိုက်ခဲ့မယ်နော်”

“လိုက်ခဲ့ညီ လိုက်ခဲ့”

“အိမ့်လဲ လိုက်ချင်တယ်”

“ဟာ..ညီမလဲကလဲ၊ ဒါ အပျော်သွားတဲ့ ကိစ္စမှ မဟုတ်တဲ့ဥစ္စာ”

“အင်း..အဲလိုပြောပြီး ကိုကိုမော်က ကိုကိုရဲကြီးနဲ့ မြို့ ထဲလျှောက်လည်ခဲ့မှာ အိမ့်သိပါတယ် နော်”

"ညီမလေးကလဲကွာ သိပ်ဂျီတိုက်တာပဲ"

"တိုက်မှာ ပေါ့ အိမ့်လဲ လိုက်ချင်တာကိုး"

"ညီမလေးကို ကိုကိုရဲ တစ်နေ့ ခေါ်သွားပေးမှာ ပါ၊ လိုချင်တာလဲ ဝယ်ပေးမယ်၊ မနက်ဖြန် တော့ မလိုက်နဲ့ဦးနော်၊ ဆေးခန်းမှာ ဘယ်လောက်ကြာကြာ စောင့်ရမှန်း မသိလို့"

"ဟုတ်သားပဲ၊ သမီးကလေးက လိမ္မာသားနဲ့"

"ကိုကိုရဲ တကယ်ပြောတာနော်"

"တကယ်ပါဗျာ ဘယ်တုန်းက ကိုကိုရဲ အိမ့်လေးကို လိမ်ပြောဖူးလို့လဲ"

အိမ့်သီရိ မကျေနပ်ပေမယ့်လည်း ကျေနပ်လိုက်ရပါသည်။

ထမင်းစားသောက်ပြီးသော အခါ အိမ့်သီရိတို့မောင်နှမနှစ် ယောက် နှင့် ရဲရင့်အောင်က ထိုင် စကားပြောသည်။

ဒေါ်မေဦး ကတော့ အနားယူချိန် သိပ်မထားဘဲ သူ့စက်ခုံပေါ်သို့ တက်သွားသည်။

"ထမင်းစားပြီးပြီးချင်းဗျာ"

"မေမေက ဒီလိုပဲ၊ ဘယ်တော့မှ နားနားနေနေ မလုပ်ဘူး ကိုကိုရဲရဲ့ "

"သားရယ် ဒီလိုလုပ်တာတောင် မေမေတို့မှာ အလျင်မီဖို့ အနိုင်နိုင်မဟုတ်လားကွယ်"

သူတို့သားအမိတစ်တွေ ကို ကြည့်ပြီး ရဲရင့်အောင်မှာ စိတ်မကောင်း ဖြစ်ရပြန်သည်။

"မင်း ညီမက အားကိုးနေရပြီ ကိုရဲရဲ့ ၊ သူက လက်ချုပ်တွေ လိုက်ပေးလို့ လက်ချုပ်ကို အပြင်လူကို အပ်စရာ မလိုတော့ဘူးလေ"

"အိမ့်က လိမ္မာတာပေါ့"

ရဲရင့်အောင်က နှုတ်မှ ချီးကျူး စကားကလေးသည်ပင်လျှင် ယခုတော့ အိမ့်သီရိအတွက် ရင်ခုန်စရာ ဖြစ်လို့လာပါ၏ ။

“ကိုရဲရေ ခြေဆန့်လက်ဆန့် နားနေချင်ရင်နေနော်၊ မင်းညီနဲ့ညီမ ကတော့ မင်းထိုင်နေရင် နားငြီးအောင် လုပ်နေကြမှာ ပဲ”

“ပြောပါစေဗျာ၊ သူတို့လေးတွေ အသံနဲ့ ကျွန်တော် ဝေးနေတာ ကြာလှပြီ”

“ဒါမှ တို့ကိုကိုရဲကြီးကွ”

မော်လွင်သည် ထအော်ပြီး စားပွဲပေါ်မှ စစ်တုရင်ကတ်ပြားနှင့် အရုပ်ကလေးများ ကို လှမ်း ယူလိုက်သည်။

“ကစားမယ်နော် ကိုကိုရဲ”

“ရတယ်လေ ညီ ကစားတာပေါ့”

“ကိုကိုမော်က မတရားပါဘူးနော်၊ သူတို့က ကစားပြီး သူများ က ဘေးထိုင်နေရမှာ ပျင်းစရာ ကြီး”

စူတူပူတူမျက်နှာကလေးဖြင့် အိမ့်သီရိက ပြောလိုက်သည်။

ညီမလေးက လက်ချုပ်လိုက်ရဦးမယ် မဟုတ်လား၊ အလုပ်လုပ်ရင်းနဲ့ စကားပြောပေါ့”

အိမ့်သီရိသည် မျက်နှာကလေး စူမှု န်စွာ ဖြင့် သူ၏ ချုပ်ခုံကလေးကို သူ့ထံသို့ ဆွဲယူလိုက် သည်။

ရဲရင့်အောင်သည် ကလေးဆန်၍ ချစ်စရာကောင်းလှပါသော အိမ့်သီရိကလေးကို ကြည့် ကာ ပြုံး နေမိသည်။

ဒေါ်မေဦးသည် အင်္ကျီတစ်ထည် ချုပ်ပြီးသော အခါ ရဲရင့်အောင်နှင့် သူ့ကလေးနှစ် ယောက် နေ့လယ်စာအတွက် လက်ဖက်သုပ်ကောင်းကောင်း တစ်ပန်းကန်နှင့်

ရေနွေးကြမ်းအိုးတစ်အိုး ဖောက်ပေးလိုက် သည်။

မကြာခင် တစ်ဖက်အိမ်မှ အိမ့်သီရိ၏ အဖော် အေးသန့်ကလေးပါ ရောက်လာသည်။

အိမ့်သီရိက အေးသန့်နှင့် ရဲရင့်အောင်ကို မိတ်ဆက်ပေးလိုက် သည်။

သူတို့လေးယောက် ၏ စကားဝိုင်းကလေးက ပိုမြိုင်လာသည်။

အေးသန့်ကလေးကလည်း စကားပြောရင်း မနေတတ်သူပီပီ ချုပ်ပြီးသား အင်္ကျီကလေးများ ကို နှိပ်ကြယ်သီးကလေးများ တပ်ပေးနေပါသည်။

ညစာအတွက် မီးဖိုဆောင်ဝင်ချိန်တန်မှပဲ သူတို့လူစု ကွဲသွားကြသည်။

♥ ♥ ♥

(၆)

ဦးလေးလွင်သည် သူ့ကို သူ့သားသမီးနှစ် ယောက် နှင့် အတူ ခြံဝတွင် ဆီးကြို နေသော ရဲရင့် အောင်ကို တွေ့ ရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

“ဟား..ငါ့တူကြီး ရောက်နေမှကိုး”

“ဟုတ်ကဲ့ ဦး နေကောင်းတယ်နော်”

“ကောင်းပါတယ်ကွာ၊ မင်း အဖေကြီးကော”

“ဖေဖေလဲ နေကောင်းပါတယ် ဦးလွင်”

“အင်း..အစ်ကိုအောင်နဲ့လဲ မတွေ့ရတာ ကြာပြီ၊ တွေ့ချင်သေးတယ်”

“ဖေဖေလဲ မကြာခင်တော့ ရန်ကုန်ဆင်းဦးမယ်လို့ ပြောတာပဲ”

"အေး..မင်းညီနဲ့ ညီမလေး မင်းကို ဘာတွေ နားပူနေသေးလဲဟင် ကိုရဲ"

"အဟင်း..ဟင်း..ဟင်း ဘာမှ မပူပါဘူး ဦးလွင်"

"ဖေကြီးကလဲ သမီးတို့က ကိုကိုရဲကြီးရောက်လာလို့ ပျော်တာပါ၊ နားပူနားဆာ ဘာမှမလုပ် ပါဘူးနော်"

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ"

အိမ့်သီရိသည် ဖခင်၏ လက်မှ ရုံးလွယ်အိတ်ကို လက်ပြောင်းယူပြီး သူ့ဖခင်၏ လက်မောင်း ကို ဖက်တွယ်ခိုစီးထားနေ၏ ။

"ကဲ..ဟိုသားအဖတွေ အိမ်ပေါ်တက်ကြလေ မတွေ ့ကြတော့မယ့် လူတွေ ကျနေတာပဲ"

အိမ်ပေါ်မှ ဒေါ်မေဦး လှမ်းအော်လိုက်သည်။

"ဟောဟိုမှာ အမေကြီး လှမ်းအော်နေပြီ၊ အိမ်ပေါ်တက်ကြစို့"

သူတို့အားလုံး အိမ်ပေါ်တက်ခဲ့ကြသည်။

ဦးလေးလွင်သည် အိမ်သူသက်ထားဇနီးသည်က ကမ်းလှမ်းသော ရေတစ်ခွက်ကိုသောက် ပြီး ပက်လက်ကုလားထိုင်တွင် ခေတ္တအနားဖြေရင်း ရဲရင့်အောင်နှင့် တောင်ကြီးက လုပ်ငန်းကိစ္စ များ မေးမြန်းနေရင်း ဇနီးသားသမီးတို့၏ အလစ်တစ်ချက်တွင် သူသိလိုသော အကြောင်းတစ်ခုကို အလျင်အမြန် မေးလိုက်သည်။

"ညီမလေးဖြူတို့ကော နေကောင်းကြရဲ့ လား"

"ဒေါ်လေးဖြူကတော့ ကောင်းပါတယ်၊ ဦးသိန်းထွန်း ကတော့ အခြေအနေ သိပ်မကောင်း ဘူး"

"ဟင်..ဟုတ်လား ဘာ ဖြစ်တာလဲ"

ရဲရင့်အောင်သည် ဘေးဘီကို တစ်ချက်ကြည့်ပြီးမှ တိုးတိုးကလေး

ဖြေလိုက်သည်။

"အဆုပ် ရောဂါ ကျွမ်းသွားတာလေ"

"ဩော်.. ဖြစ်မှ ဖြစ်ရလေ၊ ဒီလောက်ပိုက်ဆံတွေ ရှိတာ ဆေးကောင်းကောင်း မကုဘူးလား ကိုရဲရယ်"

"သူတို့တွေ က တစ်မျိုး ပါပဲ၊ ပတ်ဝန်းကျင်နဲ့လဲ အဆက်ဖြတ်နေပြီး ဘယ်လိုကြီးနေကြမှန်း မသိပါဘူးဗျာ"

စိတ်ပျက်လက်ပျက်ဖြင့် ရဲရင့်အောင်က ပြောလိုက်သည်။

ဦးလေးလွင် တစ်ယောက် နောက်ထပ်စကားမစမီတွင် အိမ့်သီရိက အိမ်အတွင်း းထဲမှ ထွက် လာသည်။

"ဖေဖေရေ သမီးအဝတ်တွေ ထုတ်ခဲ့ပြီ"

"အေး..ဟုတ်ပြီ..ဟုတ်ပြီ၊ ကဲ ကိုရဲရေ၊ ဦး ရေချိုး လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ ဦး"

ဦးလေးလွင်သည် ရေချိုး စင်ရှိရာသို့ ထွက်လာရင်း စွန့်လွှတ်ကျောခိုင်းခဲ့သည်မှာ ကြာပြီ ဖြစ် သော အေးရိပ်ငြိမ်ကို မျက်စိထဲတွင် မြင်မိ၍ နေသည်။

အေးရိပ်ငြိမ်တဲ့။တစ်ချိန်က မာန်မာနတွေ ၊ လောဘတွေ ၊ ဒေါသတွေ ၊ မောဟတွေ နဲ့ လွှမ်းပြီး နာမည် နဲ့ဆန့်ကျင်ဘက် ငရဲဘုံကြီးလို ရှိခဲ့တယ်၊ ခုတော့ ဒေါသကြီး မာန်မာနကြီးတဲ့ အိမ်ကြီးရှင် မေမေလဲ မရှိတော့ဘူး၊ လောဘသဏ္ဍာရကြီးတဲ့ ညီမလေးဖြူပဲ ရှိတော့တယ်၊ သူ့စိတ်ထဲမှာ ဘယ်လိုခံစားနေရလဲလို့ ငါ သိချင်လိုက်တာ၊ သူ့မှာ သားလဲ ဆုံးခဲ့ပြီ၊ ခု လင်လဲ ဆုံးဖို့လမ်းကို ရောက်နေပြီတဲ့၊ တစ်ယောက် တည်း ပိုင်စိုးထားတဲ့ အမွေပုံကြီးပေါ်မှာ သူ ဘယ်လိုခံစားနေရသလဲ ငါ သိချင်လိုက်တာ၊ ငါ့မှာ မပြည့်မစုံနဲ့ နွမ်းနွမ်းပါးပါးဘဝ သို့ ပေမယ့် သားနဲ့သမီးနဲ့ ဇနီးမယားနဲ့ ခံစား စံစားရတဲ့ သုခမျိုး ကို ဘာနဲ့မှ မလဲနိုင်ဘူး၊ သူ ဒီလို ခံစားရရဲ့ လား၊ ငါ့မှာ တော့ ညီမလေး တစ်ယောက် တည်းဆိုပြီး မျို

ထားမတတ် ချစ်မိတယ်၊ ဒီနေ့အထိလဲ သူ့အပေါ် မေတ္တာမပျက်ခဲ့ပါဘူး၊ တစ်ချိန် ကတော့ ဒေါသ၊ မောဟ၊ မာန်မာနတွေ ကြီးတဲ့ မေမေကြောင့် ငါ့ကို သူပါ မျက်ကွယ်ပြုထားတယ်ထား၊ ခု မေမေမှမရှိတော့တာပဲ၊ တစ်အူထုံ့တင်း အစ်ကို တစ်ယောက် ရယ်လို့မှ သူ ငါ့အပေါ် သံယောဇဉ် အရှင်းမထားဘူး၊ နေစိမ့်လိုက်တာ၊ မိဖြူရယ် နေစိမ့်လိုက်တာ၊ သူသာ ငါ့အပေါ်မှာ စာနာသနားတတ်မယ်ဆိုရင် သားလေးနဲ့ သမီးကလေး ခုလို မျက်နှာမငယ်ရဘူး၊ သူတို့ သူတို့ တက်ချင်လှချည်ရဲ့ ဆိုတဲ့ တက္ကသိုလ်ကိုလဲ တက်ခွင့်ရကြမယ်"

"ကိုလေးလွင်"

"ဟင်.."

အတွေးများ သယ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လွင့်မျောလိုက်ပါနေမိသော ဦးလေးလွင်မှာ ရေချိုး ခန်းအပြင်ဘက်က ဇနီးသည်၏ ခေါ်သံကြောင့် ကိုယ်ကြီး ဆတ်ခနဲနေအောင် လန့်သွားရှာပါ၏ ။

"ရေသံလဲ မကြားပါလား၊ ရှင် ဘာလုပ်နေလဲ"

"ဩော်..အင်း...ကိုယ် ခြေထောက်တွေ တိုက်နေတာပါကွာ"

"မြန်မြန်လုပ် အအေးမိနေမယ်ရှင့်"

"အင်းပါကွာ"

ဦးလေးလွင်သည် စိတ်ပျံ့လွင့်သွားခြင်းကို ဖြတ်တောက်ပစ်ကာ ရေစည်ထဲမှ ရေကို တဘွမ်းဘွမ်းမြည် အောင် ခပ်၍ ချိုး လိုက်သည်။

♥ ♥ ♥

(၇)

ရဲရင့်အောင်နှင့် အစ်ကို ဖြစ်သူ မော်လွင်တို့ ခြံထဲကထွက်သွားသည်ကို ဝင်းတံခါးနားအထိ လိုက်လံပို့ဆောင်ပေးနေသော အိမ့်သီရိသည် မျက်နှာငယ်ငယ်ကလေးဖြင့် ကျန်ရစ်ရှာ၏။

"ဟေ့..အိမ့်၊ ဘာတွေ မကြည်မလင် ဖြစ်နေတာလဲ"

သူ့အနီးသို့ ရောက်ရှိလာသော အေးသန့်က သူ့ပခုံးကို လှမ်းဖက်ကာ မေးလိုက်သည်။

"သူတို့ပေါ့"

"ဘာလဲ အိမ့်ကို ခေါ်မသွားလို့လား"

နှုတ်ခမ်းကလေး စူတူစူတူ ဖြစ်နေသော အိမ့်သီရိကို ပခုံးကလေးကိုဆွဲလှုပ်၍ အေးသန့်က မေးလိုက်သည်။

"အင်းပေါ့"

"ဒါများ အတင်းလိုက်သွားလဲ ရတာ ပဲ"

"ဘယ်ကောင်းမှာ လဲ၊ ကိုကိုရဲကြီးက ဆေးခန်းသွားပြတာ"

"ဆေးခန်းသွားပြတာမှန်း သိသိကြီးနဲ့ ကောက်နေရတယ်လို့ အိမ့်ရယ်"

"အေးသန့်က ဘာသိလို့လဲ၊ သူတို့က ဆေးခန်းပြပြီးရင် လျှောက်လည်ကြမှာ ၊ ကိုကိုမော်က အစီအစဉ် အပြည့်ဆွဲပြီးမှ သွားတာ သိရဲ့ လား"

"ကဲပါလေ..ဘာပဲ ဖြစ် ဖြစ် ဒီကိစ္စ ထားလိုက်တော့၊ သူတို့လဲ သွားကြပြီ မဟုတ်လား၊ အိမ့် အေးသန့်နဲ့ လိုက်ခဲ့"

"ဘယ်ကိုလဲ"

"ဈေးထဲကိုပေါ့၊ တို့ဟူးသွားဝယ်ပြီး သုပ်စားကြမယ်လေ၊ မကောင်းဘူးလား"

"ကောင်းသားပဲ ၊ နေဦး မေမေ့ကို ပြောခဲ့ဦးမယ်"

အိမ့်သီရိသည် မိခင် ဖြစ်သူကို အပြေးကလေး သွားပြောပြီး သူ့ကိုက်ဆံအိတ်ကလေးကိုပါ ယူဆောင်ကာ အေးသန့်ဆီသို့ ပြန်ရောက်လာ၏ ။

"လာ သွားကြမယ်"

"အိမ့်တို့အစ်ကိုက ဒီမှာ ကြာဦးမှာ လားဟင်"

အိမ့်သီရိဘက်သို့ ငဲ့စောင်းကြည့်၍ အေးသန့်က မေးလိုက်သည်။

"ဒီနေ့ ဆရာဝန်နဲ့တွေ့ပြီးမှ အဖြေသိရမယ် အေးသန့်ရဲ့ ၊ ဒီတစ်ခါတော့ သူ့ခြေထောက်ကို အကင်းသေအောင် ကုပြီးမှပဲ ကိုကိုရဲကြီးက ပြန်မယ်လို့ ပြောတယ်"

"အင်း..သူ့အ ဖြစ်ကလဲ စဉ်းစားကြည့်ရင် ရင်နာစရာကြီးပဲနော်၊ ချစ်သူကိုလဲ ဆုံးရှုံးရ၊ သူ့မှာ လဲ အနာတရကြီး ဖြစ်ရနဲ့"

"ဟုတ်တယ်၊ သူ့မျက်စိရှေ့မှာ မမချိုမြရည် မရှုမလှ ဖြစ်ပြီး ဆုံးခဲ့ရတယ်၊ သူလဲ မသေလို့ ကျန်ခဲ့ရတာ အေးသန့်ရဲ့ ၊ အဲဒါကိုပဲ ဘဘအောင်နဲ့အိမ့်တို့အားလုံး ဘုရားကို ကျေးဇူးတင်နေရ တယ်၊ ဒီမနက်လည်း အိမ့် အစောကြီး အိပ်ရာကထပြီး ဘုရားမှာ ကိုကိုရဲအတွက် အရုဏ်ဆွမ်းကပ် ပေးတယ်"

"ကောင်းတာပေါ့ အိမ့်ရယ်"

"ဗုဒ္ဓဟူးနေ့ကျရင်လဲ ဘုရားမှာ သွားပြီး ယတြာချေပေးဦးမယ်၊ အေးသန့်လိုက်မယ် မဟုတ် လား"

"လိုက်မှာ ပေါ့ အိမ့်ရဲ့ "

"ဟဲ့ ဟဲ့ ဟိုပေါက်ကျော်မနှစ် ယောက် ဒါ ဘာလုပ်ကြတာလဲဟင်"

အေးသန့်၏ အမေ ဒေါ်ကြီးမက သူတို့နှစ် ယောက် ကို လှမ်းတွေ့လိုက်သဖြင့် မေးလိုက် သည်။

"တို့ဟူးဝယ်လာတာ အမေ၊ သုပ်စားမလို့"

"သြော်..ငါ့သမီးနှစ် ယောက် လည်း အစားအသောက် မကောင်းကြဘူးနဲ့ တူတယ်"

ဒေါ်ကြီးမစကားကို သဘောကျ၍ အိမ့်သီရိတို့နှစ် ယောက် ရယ်လိုက်ကြသည်။

"ကဲ..ကဲ..သွားကြတော့ ဈေးကကွဲနေပြီ၊ ညည်းလေးတို့ တို့ဟူးမရဘဲ နေလိမ့်မယ်"

အိမ့်သီရိနှင့် အေးသန့်တို့နှစ် ယောက် တစ်ယောက် လက်ကို တစ်ယောက် တွဲကာ ဈေး အတွင် းသို့ ဝင်ခဲ့ကြသည်။

"ညီမလေးအိမ့်တော့ စိတ်ကောက်ကျန်ခဲ့ပြီ ကိုကိုရဲ"

"သူကြိုက်တာ တစ်ခုခုဝယ်သွားပြီး အိမ်ရောက်မှ ချော့တာပေ့ါ ညီရာ၊ မဟုတ်ဘူးလား"

မော်လွင်က ရယ်လိုက်သည်။

"အင်း...အိမ့်လေးကိုလဲ အေးအေးဆေးဆေး တစ်ရက်တော့ ရန်ကုန်ထဲကို အလည်ခေါ်ရ ဦးမယ်၊ ဒီနေ့ ဆရာဝန်နဲ့တွေ့ ပြီးရင်တော့ ကိုကိုရဲရဲ့ အခြေအနေကို သိရမှာ ပါ"

"ကိုကိုရဲ ဒီမှာ ပြောင်းနေပြီး အလုပ်လုပ်ပါလား၊ ဆေးဆက်ကုရမယ်ဆိုရင်လဲ အဆင်ပြေ တာပေ့ါ"

"စိတ်တော့ ကူးထားပါတယ် ညီ၊ အခြေအနေပေးရင်တော့ နေ ဖြစ်သွားမှာ ပါ"

ရဲရင့်အောင်နှင့် မော်လွင်တို့ စကားတပြောပြောနှင့် ကားဂိတ်ဆီသို့ ရောက်ခဲ့ကြသည်။

ထို့နောက် မကြာမီ တိုးတိုးခွေ့ခွေ့နှင့် ရန်ကုန်သို့ မောင်းနှင်နေသော ကားပေါ်သို့ ပါခဲ့ သည်။

ထိုကား ခရီးတစ်ထောက်နားရာ အဝေးပြေးကားဂိတ်သို့ ရောက်ရှိသော အခါတွင် ရှေ့ဆက် ရန်ခရီးက ကျန်နေပါသေးသဖြင့် မြို့ ထဲသို့ သွားသော လိုင်းကားပေါ်သို့ နှစ် ယောက် သား ရွှေ့ ပြောင်း စီးခဲ့ကြရပြန်ပါသည်။

နာရီဝက်ခန့် ခရီးဆက်ပြီးကြသည့်အခါတွင် ရဲရင့်အောင်၏ ဆရာဝန်ကြီးထိုင်သော ဆေးခန်းသို့ ရောက်ခဲ့ကြသည်။

ဆရာဝန်ကြည့်ချိန် နာရီဝက်ခန့် လိုနေသေးသဖြင့် ရဲရင့်အောင်နှင့် မော်လွင်လည်း လက် ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်၍ စားရင်းသောက်ရင်း စောင့်ဆိုင်းနေလိုက်ကြသည်။

ကိုကိုရဲ ရန်ကုန်မှာ အလုပ်လုပ် ဖြစ်ရင် ညီလဲလုပ်မယ်၊ ညီက အဝေးသင်တက်ပြီး ညီမလေး အိမ့်ကို ဒေးတက်ခိုင်းမယ်လို့ ညီ စိတ်ကူးထားတယ်”

“နေပါဦး ညီရယ်၊ ဒီအတွက် မလောပါနဲ့ဦး၊ ကိုကိုရဲလဲ ဒီမှာ ရှိနေဦးမယ် ဥစ္စာပဲ၊ အတတ်နိုင်ဆုံး အကောင်းဆုံး ဖြစ်အောင် ကြိုး စားကြတာပေါ့ကွာ”

“ညီတို့မောင်နှမနှစ် ယောက် အတွက် ကံကောင်းပါစေလို့ပဲ ညီနေ့တိုင်း ဆုတောင်းနေမိ တယ်၊ ဖေဖေ့ကိုလဲ သနားတယ်၊ သူလဲ အတတ်နိုင်ဆုံး မိသားစုတာဝန်ကို ဖြေရှင်းပေးနေတာပဲ၊ မေမေဆိုတာလဲ တစ်နေ့တစ်နေ့ နားချိန်ဆိုတာ မရှိသလောက်ပဲ၊ စက်ချုပ်နေရတာ ကိုကိုရဲရယ်၊ ဒါတောင် ညီတို့အိမ်မှာ လည်ပတ်မှု က မမှန်ချင်ဘူး၊ ဒီအလုပ်ကြီး မေမေ တာရှည်လုပ်တာလဲ ညီ မကြည့်ချင်ပါဘူး၊ တော် ကြာ အညောင်းတွေ အရမ်းမိပြီး မေမေ့ကျန်းမာရေး ထိခိုက်သွားမှာ ကိုလဲ အရမ်းစိုးရိမ်မိတယ်”

လက်ဖက်ရည်ဖန်ခွက်ကလေး၏ အနားကို လက်ညှိုး ကလေးဖြင့် ဝိုင်းကာ ဝိုင်းကာလုပ်ရင်း လေးလေးနက်နက်ဟန်ဖြင့် ပြောနေသော မော်လွင်ကို ရဲရင့်အောင်သည် အငေးသားကြည့်၍ နေမိ သည်။

သူ့ရင်ထဲမှာ မကောင်းလှသော်လည်း မော်လွင်ကျေနပ်လောက်အောင် အားပေးစကား ပြောဖို့ ရှာမရဘဲ ဖြစ်နေမိသည်။

လက်ရှိအခြေအနေက တောင်မင်းကို မြောက်မင်းက မကယ်နိုင်သော အခြေအနေ။

"အင်း..ငါသံယောဇဉ်ရှိမိနေတဲ့ ဒီမိသားစုကိုတော့ တစ်နည်းနည်း နဲ့ ငါကူညီနိုင်အောင် ကြိုး စားရမှာ ပဲ၊ ငါ့ကို ဘုရားရှင်က လမ်းဖွင့်ပေးပါစေလို့ပဲ ငါလဲ ဆုတောင်းနေရမှာ ပဲ"

နှစ် ယောက် သား အတွေ းကိုယ်စီနှင့် ငြိမ်နေမိကြစဉ် ဆေးခန်းရှေ့သို့ ကားတစ်စီး ဆိုက် ကပ်လာ၏ ။

ကားပေါ်မှဆင်းလာသူကို တွေ ့ရလျှင် ရဲရင့်အောင် လူပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ညီ သွားရအောင် ဆရာကြီးလာပြီ"

နှစ် ယောက် သား ကျသင့်ငွေကို ဆိုင်တွင် ရှင်းပေးခဲ့ပြီး ဆေးတိုက်ရှိရာဘက်သို့ ကူးခဲ့သည်။

သူ့ထက်ဦး၍ တိုကင်ယူထားသော လူနာသုံးဦးကို ကြည့်ပြီးသည့်အခါ ရဲရင့်အောင်၏ အလှည့်သို့ ရောက်ရှိလာသည်။

"အိုး..တောင်ကြီးက ရဲရင့်အောင်ပါလား၊ ထိုင်ပါ ထိုင်ပါ၊ ဘယ်တုန်းက ရန်ကုန်ရောက်လဲ"

"မနေ့ကပဲ ဆရာကြီး"

"မောင်ရင့်ခြေထောက် အခြေအနေကော ဘယ်လိုလဲ"

"နည်းနည်း ဒုက္ခပြန်ပေးနေတယ် ဆရာ၊ ကျွန်တော် ပြန်လိမ့်ကျမိပြီးကတည်းကပဲ"

"အို..ဟုတ်လား၊ စင်ပေါ်တက်၊ စမ်းသပ်ကြည့်ရအောင်"

အရိုးအထူးကုဆရာဝန်ကြီးသည် ရဲရင့်အောင်၏ ဘယ်ဘက်ခြေထောက်ကို သေချာစွာ စမ်းသပ်စစ်ဆေးရင်း မေးစရာရှိသည်များ ကို မေးမြန်းနေ၏ ။

ပြီးလျှင် ထိခိုက်ဒဏ်ရာရရှိထားသော ခြေထောက်ကို အရိုးကုဆေးရုံတွင် ဆက်လက် စမ်းသပ်စစ်ဆေးမှု များ ပြုလုပ်ဖို့ ရက်ချိန်းပေးလိုက် သည်။

"ကဲ..ညီ ဘယ်သွားကြမလဲ"

ဆေးခန်းကအထွက်တွင် ရဲရင့်အောင်သည် မော်လွင့်မျက်နှာကိုကြည့်၍ မေးလိုက်သည်။

"မ သွားပါနဲ့တော့ ကိုကိုရဲ၊ အိမ်ပြန်နားတာပဲ ကောင်းမယ်ထင်တယ်၊ ပြန်ရဖို့ခရီးကလဲ ရှိ သေးတယ်"

"ခု ဆယ့်တစ်နာရီခွဲပဲ ရှိပါသေးတယ်ညီ၊ ရောက်လက်စနဲ့ မထူးပါဘူး၊ သိမ်ကြီးဈေးဘက် လျှောက်ကြရအောင်၊ တီဗွီထဲမှာ မေသန်းနုကြော်ငြာတဲ့ စူပါဝမ်းကို သွားကြရအောင်လေ"

နှစ် ယောက် သား ရွှေဘုံသာလမ်းမှ သိမ်ကြီးဈေးဆီသို့ လမ်းဘေးဝဲယာ စည်ကားနေသော ဈေးဆိုက်မှာ းကိုကြည့်ရင်း စကားလည်းတစ်ပြောပြောနှင့် လျှောက်ခဲ့ကြသည်တွင် မကြာမီ သိမ်ကြီးဈေးကုန်တိုက်ရှိရာသို့ ရောက်ခဲ့ကြသည်။

ရဲရင့်အောင်သည် သူ့စိတ်ကူးလာခဲ့သည့်အတိုင်း ကုန်တိုက်တွင် မော်လွင့်အတွက် ရှပ် အင်္ကျီတစ်ထည် ဝယ်ပေးလိုက် သည်။

မော်လွင် သိပ်ပျော်သွားသည်။

အိမ့်သီရိကလေးအတွက်လည်း သူသည် အသင့်ဝတ် ဘလောက်(စ်)အင်္ကျီ ပန်းနုရောင် က လေးတစ်ထည်ကို ဝယ်လိုက်သည်။

"ကိုကိုရဲက အရောင် ရွေးတာ သိပ်တော် တာပဲ၊ ဒီအင်္ကျီကလေးက ညီမလေးအိမ့်နဲ့ သိပ် လိုက်မယ်"

“နေဦးညီ ဟိုဘက်ကောင်တာတွေ မှာ ပိတ်လိပ်တွေ ရောင် းနေတာတွေ ့တယ်၊ အိမ့်လေး အတွက် ထဘီကလေးပါ ဝယ်ပေးလိုက် ရင် ကောင်းမယ်၊ ဒါမှ ဝမ်းဆက်ရသွားမှာ ”

“နေပါစေ ကိုကိုရဲ အကုန်အကျတွေ သိပ်များ နေပါ့မယ်ဗျာ၊ အင်္ကျီတစ်ယောက် တစ်ထည် ရတာ ပဲ တော် လှပါပြီ”

“သိပ်မကုန်ပါဘူး ညီရာ၊ တော် ရုံသင့်ရုံကလေး ဝယ်မှာ ပါ၊ ညီ့အတွက် ပုဆိုး ကတော့ ကိုကို ရဲမှာ ရှိတယ်၊ အသစ်ငါးထည် ပါလာတဲ့အထဲက တစ်ထည်ယူလိုက်နော် ညီ..”

“ညီ့မှာ ပုဆိုးတွေ ရှိပါတယ်၊ မလိုတော့ပါဘူး ကိုကိုရဲ”

“ညီ ဒီမှာ ကြည့်စမ်း၊ ဒီအဆင်ကလေးက ဝယ်လာတဲ့ ဘလောက်(စ်) ကလေးနဲ့ လိုက်တယ် နော်”

ပိတ်လိတ်တစ်လိတ်မှ အစကို အသေအချာကိုင်တွယ်ကြည့်ပြီး ရဲရင့်အောင်က ပြောလိုက် သည်။

“လိုက်တယ် ကိုကိုရဲ လိုက်တယ်”

“ဒါဆိုဒါပဲ ဖြတ်ခိုင်းလိုက်တော့မယ်၊ ညီမရေ လေးတောင်မိုက်ရော့ကွင်းတစ်ကွင်းလောက်”

“ဟုတ်ကဲ့ အစ်ကို”

အရောင် းစာရေး မလေးသည် သွက်လက်ဖျတ်လတ်စွာ ဖြင့် ပိတ်စကို ဖြတ်ပေးလိုက် သည်။

“ကျေးဇူးတင်ပါတယ်ရှင်”

ရဲရင့်အောင်သည် အရောင် းစာရေး မထဲတွင် ရှားပါးစွာ တွေ ့ရသော ယဉ်ကျေးသိမ့်မွေ့လှ သည့် မိန်းကလေးကို ပြုံး ၍ ခေါင်းညိတ်ပြလိုက်သည်။

မော်လွင်နင့် နှစ် ယောက် သား ဈေးဆိုင်တွေ ကို လှည့်ပတ်ကြည့်ရှုကြရင်း

ရဲရင့်အောင်သည် မိန်းကလေးကြိုက် အလှအပကလေးများ ကို မြင်တွေ့လေတိုင်း အိမ့်သီရိကလေး၏ မျက်နှာကိုသာ မြင်ယောင်နေမိသည်။

သူကလေးအတွက် စိတ်ရှိရှိနှင့် ဝယ်ပေးလိုက် ချင်သည့် ပစ္စည်းများ သူ့မှာ မြင်မဆုံး တွေ့မဆုံး ရှိနေပါ၏ ။

စေတနာတွေ ရင်နှင့် အပြည့် ရှိနေပါသော်ငြားလည်း သူ့လက်ထဲတွင် ရှိနေသော ငွေကြေး ကို ပြန်လှန်တွက်ချက်ကြည့်နေရသော အ ဖြစ်က အလွန်ဆိုးရွားလှသည်ဟု ရဲရင့်အောင် ခံစားနေ မိသည်။

♥ ♥ ♥